[illegible]

# နေဝင်းလတ်

# နိုင်ငံရေးအသိအမြင်နှင့် အပြောင်းအလဲကို စီမံခန့်ခွဲခြင်း

mgyoe.com

mgyoe.com

နေဇင်လတ်

# နိုင်ငံရေးအသိအမြင်နှင့် အပြောင်းအလဲကို စီမံခန့်ခွဲခြင်း

mgyoe.com

mgyoe.com

နိုင်ငံရေးအသိအမြင်နှင့်အပြောင်းအလဲကိုစီမံခန့်ခွဲခြင်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၈၁၀၅၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၆၉၀၆၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ni . S . O ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ ဇူလိုင်လတွင် တန်ဖိုး ၂၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုတင်ဇော် (လှိုင်)

နေဇင်လတ် ၃၂၀.၀

နိုင်ငံရေးအသိအမြင်နှင့်အပြောင်းအလဲကိုစီမံခန့်ခွဲခြင်း/

နေဇင်လတ် ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၂၀၈ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) နိုင်ငံရေးအသိအမြင်နှင့်အပြောင်းအလဲကိုစီမံခန့်ခွဲခြင်း

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိုင်ငံတော်တည်ဆောက်ခြင်း | ၁ |
| ၂။ | မူဝါဒများဆန်းစစ်ခြင်းနှင့် လူမှုရေးတိုးတက်မှု | ၈ |
| ၃။ | စီးပွားရေးစနစ်ပုံစံများ | ၁၅ |
| ၄။ | အစဉ်အလာနဲ့လစ်ဘရယ် | ၂၂ |
| ၅။ | ခြောက်လုန့်ခံမျက်နှာသစ်သူကြွယ်များ | ၂၈ |
| ၆။ | မတည်မြဲတဲ့အပြောင်းအလဲ | ၃၆ |
| ၇။ | ခေတ်သစ် အိုင်ဒီရော်လော်ဂျီနှင့် နိုင်ငံရေးဒဿန | ၄၅ |
| ၈။ | အပြောင်းအလဲတစ်ရပ်အပေါ် စီမံခန့်ခွဲခြင်း | ၅၂ |
| ၉။ | ပညတ်တော် (၁၀) ပါးနှင့် နိုင်ငံရေးအောင်မြင်မှု | ၅၉ |
| ၁၀။ | ပညာသိတို့ – 'နုံ့' ရန်မသင့် | ၆၅ |
| ၁၁။ | အမျိုးသားစွမ်းရည် | ၇၂ |
| ၁၂။ | စွန့်စားမှုစီမံခန့်ခွဲခြင်း | ၈၆ |
| ၁၃။ | မဟာဗျူဟာ | ၈၄ |
| ၁၄။ | ပါဝါနှင့် နိုင်ငံရေးနည်းဗျူဟာ | ၉၃ |
| ၁၅။ | အသိနဲ့ပြည့်စုံသူ–အကျင့်နဲ့ပြည့်စုံသူ | ၁၀၁ |
| ၁၆။ | အပြောင်းအလဲသဘောကိုနားလည်စွာစီမံခန့်ခွဲခြင်း | ၁၀၉ |
| ၁၇။ | အညွှန်းပြမြေပုံများ | ၁၁၈ |
| ၁၈။ | နိုင်ငံရေးဆက်ဆံမှုနှင့် မီဒီယာ | ၁၂၄ |
| ၁၉။ | အကျိုးဆောင်အဖွဲ့သည် နိုင်ငံရေးပါတီမဟုတ် | ၁၃၁ |
| ၂၀။ | တည်ငြိမ်မှုကင်းမဲ့လာသောကမ္ဘာကြီး | ၁၃၆ |


mgyoe.com

mgyoe.com

၂၁။ လောကသိသည် ရင့်ကျက်မှုကို ဖြစ်စေသည် ၁၄၁
၂၂။ အစိုးရတစ်ရပ်၏အခြေခံအဆောက်အဦ ၁၄၉
၂၃။ နိုင်ငံတစ်ခု၏ဥပဒေပြုအဖွဲ့ ၁၅၄
၂၄။ ဥပဒေပြုလွှတ်တော်တို့ဖွဲ့စည်းမှု ၁၆၀
၂၅။ အုပ်ချုပ်ရေးမဏ္ဍိုင် ၁၆၇
၂၆။ ပြည်သူ့ရေးရာအုပ်ချုပ်မှုနှင့် ဗျူရိုကရေစီ ၁၇၄
၂၇။ တရားရေးစနစ်နှင့် တရားရုံးများ ၁၈၁
၂၈။ ဒီမိုကရေစီ၊ ဗြူရိုကရေစီ ၁၈၇
၂၉။ ထိီးဟန်၊ နန်းဟန် သမ္မတနှင့် ပြန်လှန်ထိန်းညှိမှု ၁၉၅
၃၀။ ပြည်သူ့ရေးရာမူဝါဒ ၂၀၁

❐

mgyoe.com

mgyoe.com

# နိုင်ငံတော်တည်ဆောက်ခြင်း

14th April 2010

Nation Building ဟု ဆိုကြသည်။ ကွဲပြားသော အဓိပ္ပာယ်များစွာ အနက် တစ်ခုသောအဓိပ္ပာယ်မှာ ... နိုင်ငံ၏ စွမ်းရည်ကို အသုံးပြု၍ အမျိုးသားရေး လက္ခဏာ တစ်ရပ်ရရှိရန် တည်ဆောက်မှု သို့မဟုတ် ဖွဲ့စည်းမှု၏ နည်းစဉ်တစ်ရပ်ကို ဆိုသည်။ (Nation building refers to the process of construc-ting or structuring a national identity using the power of the state)

ဤလုပ်ငန်းစဉ်တွင် နိုင်ငံတွင်းရှိ ပြည်သူများကို တစ်သားတည်း ညီညွတ်မှု ဖြစ်စေခြင်းဖြင့် နိုင်ငံရေးအရ တည်ငြိမ်မှုရရှိကာ ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းစေ သည်။ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုနှင့် လူမှုရေးအရ ညီညွတ်မှုရှိစေခြင်းသည် နိုင်ငံ တည်ဆောက်ရေး၌ အရေးကြီးသောအချက်များ ဖြစ်သည်။

**ဘာကြောင့်အရေးကြီး**

နိုင်ငံတည်ဆောက်ရေး ဘာကြောင့်အရေးကြီးသည်ကို Anil Rajvanshi က သူ့အမြင်ဖြင့် ထောက်ပြထားသည်။

- သက်ရှိလူအားလုံးသည် သက်သောင့်သက်သာရှိရှိ ပျော်ရွှင်စွာဖြင့် ဘဝ ကို ဖြတ်သန်းလိုကြသည်။ လူသားအားလုံးသည် အရေးကြီးသော အချက်နှစ်ချက်ကို ရလိုကြ၏။ မိမိတို့ကိုယ်တိုင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်လိုခြင်းနှင့် ပိုမိုကောင်းမွန်သော ဝန်းကျင်ကို ရလိုခြင်း ဖြစ်သည်။
- ပျော်ရွှင်သော ကိုယ်ပိုင်ဘဝကို နည်းလမ်းများစွာမှ ရရှိနိုင်လိုကြသည်။

mgyoe.com

mgyoe.com


- အေးချမ်းသာယာသော ဝန်းကျင်ဖန်တီးနိုင်ခြင်းသည် နိုင်ငံတည်ဆောက်ခြင်းပင် ဖြစ်သည်။ ဝန်းကျင်ကောင်းတစ်ခု ရရှိပါမှ လူများ ကောင်းစွာ အလုပ်လုပ်နိုင်ကြမည်၊ စိတ်ချလက်ချ ဘဝကို ဖြတ်သန်းနိုင်ကြမည်။ ဝန်းကျင်ကောင်းသည်ပင်လျှင် လူသားတို့အတွက် ပိုင်ဆိုင်မှုတစ်ရပ်၊ ဂုဏ်ယူမှုတစ်ရပ်ဟူသော အာရုံခံစားမှုကို ပေးအပ်နိုင်ပါသည်။
- မိမိတို့၏ဂုဏ်ယူမှုသည် စစ်မှန်မှုရှိသင့်ပြီး 'မလုံခြုံမှု' မှ ကင်းဝေးသင့်သည်။
- ပျော်ရွှင်ဖွယ်ရာ ဝန်းကျင်ကောင်းနှင့် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များသည် ကြီးမားသော အခန်းကဏ္ဍများမှ ပါဝင်ကြသည်။

## လူငယ်များပါဝင်

နိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတိုင်း၌ လူငယ်များသည် အဓိက အခန်းမှ ပါဝင်ကြရလေ့ရှိသည်။

- မည်သို့ဆိုစေ လက်ရှိနိုင်ငံတော် အခြေအနေတစ်ရပ်ကို လက်ခံကြရမည်။ ထိုမှ ပိုမိုကောင်းမွန်တိုးတက်ပြီး အနာဂတ် လူ့အဖွဲ့အစည်းနှင့် ပို၍ သင့်လျော်မည့် နိုင်ငံတော်ကို တည်ဆောက်ကြရသည်။ ကျေးဇူးတရားသည် လူသားတို့၏ မရှိမဖြစ် အရေးကြီးသော အနှစ်သာရ ဖြစ်သည်။
- တစ်နေ့လျှင် အနည်းဆုံး နာရီဝက်ကျ၊ တစ်နှစ်လျှင် နာရီ (၂၀၀) မျှသော အချိန်ကို လူငယ်များသည် နိုင်ငံတော်တည်ဆောက်ရန် လူမှုအဖွဲ့အစည်းများအတွက် အသုံးပြုသင့်သည်။ လူမှုအဖွဲ့အစည်းဟူသော Civil Society သည် နိုင်ငံတော် တည်ဆောက်ရာတွင် မရှိမဖြစ် အရေးကြီးသော အဖွဲ့အစည်းများ ဖြစ်သည်။
- မိမိတို့၏ စားဝတ်နေရေး၊ ပုဂ္ဂလိက ရည်မှန်းချက်များအပြင် လူမှုဝန်းကျင်များနှင့် ထိတွေ့ဆက်ဆံရမည်ဖြစ်ပြီး မိမိနိုင်ငံ အမျိုးသားအတွက် လူမှုအဖွဲ့အစည်းများ အကျိုးကို တတ်နိုင်သမျှ တာဝန်ယူထမ်းဆောင်ရမည်။
- ရလာမည့် အဖြေရလဒ်ကို ပူပန်ရန် မလိုပါ။ အရာအားလုံး သူ့အချိန်နှင့်သူ ဖြစ်လာပါလိမ့်မည်။ လူမှုအဖွဲ့အစည်းအတွက် တစ်စုံတစ်ရာ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းသည်ပင်လျှင် သင့်အကျိုး၊ သင်၏ မျိုးဆက်သစ်တို့ အကျိုးကို ဖြစ်ပေါ်စေပါသည်။ စည်းကမ်းစနစ်

mgyoe.com

mgyoe.com

တစ်ခုအတွင်းမှ မှန်ကန်သော စေတနာဖြင့် ဆောင်ရွက်တတ်ရန် ဖြစ်သည်။

- နိုင်ငံတော် တည်ဆောက်ခြင်းဆိုသည်မှာ ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးခြင်းဖြစ်ပြီး မိမိအမျိုးသားရေးစရိုက် လက္ခဏာများ ပါဝင်ရမည်ဖြစ်သည်။ လူမှုအဖွဲ့အစည်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံတော် တည်ဆောက်ရေးဖြစ်၍ ဖြစ်နိုင်လျှင် ဉာဏအားကို သုံးပါ၊ မတတ်နိုင်လျှင် ကာယအားဖြင့် ပါဝင်တည်ဆောက်ပါ။
- သင့်ပတ်ဝန်းကျင်၊ သင့်လူမှုအဖွဲ့အစည်း တိုးတက်မှုအတွက် အမြဲတမ်း တွေးတောကြံဆပါ။ တတ်နိုင်လျှင် ရေးသားပါ၊ အခြားသူများကို ပြောဆိုမျှဝေပါ။
- တက်ကြွစွာ ကူညီထမ်းဆောင်ပါ။ ဤလုပ်ရှားဆောင်ရွက်မှုသည် သင့်အတွက် စိတ်ဓာတ်ကောင်းများ ပြန်လည်ဖြစ်ပေါ်စေပါလိမ့်မည်။
- 'ဆောင်ရွက်နိုင်စွမ်း' သည်ဟူသော စိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက်ပါစေ၊ အတွေးအခေါ်ကောင်းများ ထုတ်လုပ်နိုင်ရန် ကြိုးစားပါ၊ အကောင်းဆုံးသော အကြံဉာဏ်များ ရရှိလာလျှင် လူမှုဝန်းကျင်ကို သင် အကောင်းဆုံး ကူညီနိုင်ပါလိမ့်မည်။
- အပြုသဘောဆောင် ချဉ်းကပ်မှုဖြင့်သာ ဆောင်ရွက်ပါ၊ အဖျက်သဘောဆောင် အရာအားလုံးကို ပယ်ဖျက်ပါ၊ စေတနာသန့်ရှင်းပါ၊ ရည်ရွယ်ချက်ကောင်းရန် လိုပါသည်။

## မည်သို့ကူညီနိုင်သလဲ

- လူဦးရေ၏ အများစုသည် ကျေးလက်နေများဖြစ်ပြီး သူတို့၏ဘဝအခြေအနေသည် ဖွံ့ဖြိုးမှုမရှိသေးသောအခြေဖြစ်သည်။ နေထိုင်စားသောက်မှုနှင့် လူမှုဘဝပုံစံသည် မြို့ပြယဉ်ကျေးမှုနှင့် အလှမ်းကွာနေကြသေးပါသည်။ ခေတ်မီနည်းပညာများ ကောင်းစွာမရောက်ရှိနိုင်သေးပါ။
- ထိုအများစုသော ကျေးလက်ပြည်သူများသည် အဓိက ရေစီးကြောင်းနှင့် လိုက်ပါနိုင်ခြင်း မရှိသေးခြင်းသည် လူမှုဝန်းကျင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုသို့ ရောက်သည်မမည်ပါ။ နိုင်ငံတော်တစ်ခုကို တည်ဆောက်ရာတွင် လူတန်းစားအားလုံး ပါဝင်ရမည်ဖြစ်သည်။
- နိုင်ငံတစ်ခုတွင် လူငယ်ထုဦးရေသည် အများဆုံးဖြစ်ပြီး တတိယနိုင်ငံများ

mgyoe.com

mgyoe.com


တွင် အများစုသည် ကောင်းစွာ ပညာသင်ကြား တတ်မြောက်ကြခြင်း မရှိကြချေ။ အာမခံချက်ရှိသော အလုပ်၊ အနာဂတ်အတွက် တိုးတက် ဖွံ့ဖြိုးစေနိုင်သော အလုပ်တို့ ကောင်းစွာမရရှိတတ်ကြသေး။

- ကျေးလက်များတွင် အလုပ်အကိုင်သစ်များ ဖန်တီးခြင်း၊ နည်းပညာ ဖြန့်ဖြူးခြင်း၊ စီးပွားရေးအလုပ်အကိုင်များ ခွဲဖြန့်ထားနိုင်ခြင်း၊ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။
- သတင်းဖြန့်ချိခြင်း၊ အသိဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းသို့ ယဉ်ပါးထိတွေ့စေခြင်းကိုလည်း ဆောင်ရွက်ရမည် ဖြစ်သည်။
- လိုအပ်သော ငွေကြေးအရင်းအနှီးများကို ထောက်ပံ့ခြင်း၊ အတိုးနှုန်း သက်သာစွာဖြင့် စီစဉ်ပေးခြင်း။
- ရှိနေသော အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန် အသိပညာဖြန့် ဖြူးပေးခြင်း။
- အတွေးအခေါ်များ၊ အတွေ့အကြုံများ ဖြန့်ဖြူးပေးခြင်း၊ အစိုးရမဟုတ် သော လူမှုအဖွဲ့အစည်းများဖြင့် မကြာခဏ သွားရောက်၍ စိတ်အင်အား မြှင့်တင်ပေးခြင်း၊ လိုအပ်သည်များ အကူအညီပေးခြင်း၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ အသိရရှိစေရန် သင်တန်းများ ဖွင့်လှစ်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်နိုင်သည်။

## တစ်ကိုယ်ရည်ပျော်ရွှင်မှု

နိုင်ငံတစ်ခု၏ တိုးတက်ဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဝင်ငွေ၊ ပျမ်းမျှအသက် စသည့်အချက်များကိုသာ ယခင်က စဉ်းစားခဲ့သော်လည်း နောက်ပိုင်းတွင် Personal Happiness ဟူသော တစ်ကိုယ်ရည် ပျော်ရွှင်မှုကိုပါ ထည့်သွင်း စဉ်းစားလာကြပါသည်။

- ပျော်ရွှင်မှုဟူသည် စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ခု ဖြစ်သည်။ သင့်ဘဝ လုံခြုံမှုရှိသည်ဟု ခံစားယုံကြည်သောအခါ ပျော်ရွှင်မှုကို ရရှိမည်ဖြစ် သည်။ ထိုမှ အနာဂတ်အာမခံချက်၊ ဝင်ငွေတိုးတက်ရရှိခြင်းများသည် လည်း ပျော်ရွှင်မှုကို ပေးအပ်ပါသည်။
- လူမှုအဖွဲ့အစည်းတစ်ရပ်အနေဖြင့် တည်ငြိမ်ရင့်ကျက်မှုကို ရရှိသည့်အခါ၊

mgyoe.com

mgyoe.com


စိတ်ချလုံခြုံသည့်အခါ စိတ်အင်အားများ ရရှိလာသည်။ ဤ စိတ်အင်အားသည် တောင်ကြီးများကိုပင် ရွှေ့နိုင်စွမ်းပါသည်။ အနာဂတ်မဲ့နေသည်၊ ကူညီမည့်သူမရှိဟု ခံစားနေရသူများ၏စိတ်ဓာတ်ကို အားပေးပါ။

– လုံခြုံသည်၊ အာမခံချက်ရှိသည်ဟု ယုံကြည်သောစိတ်သည် လောဘကို တစ်စုံတစ်ရာ လျော့ပါးစေသည်။ ရုပ်ဝတ္ထုများနှင့် ရင်းမြစ်များအပေါ် ခုံမင်မှု နည်းပါးစေသည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတစ်ရပ်ကို ရရှိစေပါ။

– လောဘ၊ ဒေါသများ ပါးလျားခြင်းဖြင့် ပိုမိုကောင်းမွန်သော ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်လာပါလိမ့်မည်။

– ပျော်ရွှင်ချမ်းမြေ့မှုရှိသော လူတစ်ဦးချင်းက မိမိတို့၏ လူမှုဝန်းကျင်ကို သူတို့၏ သိမြင်မှု၊ ပညာ၊ အတွေ့အကြုံများကို ပြန်လည် မျှဝေပေးကြပါလိမ့်မည်။ ဤသို့ ဆောင်ရွက်ခြင်းကပင် နိုင်ငံတည်ဆောက်ခြင်း၏ အနှစ်သာရ ဖြစ်ပါသည်။

## ရှုထောင့်သစ်

နိုင်ငံတော် တည်ဆောက်ရေးဟူသည် Nation Building ကို Anvil Rajvanshi ကဲ့သို့ ရိုးစင်းစွာ အဓိပ္ပာယ်ဖွင့်သူများရှိသကဲ့သို့ ခြားနားသောရှုထောင့်မှ အဓိပ္ပာယ်ဖွင့်ဆိုချက်များလည်း ရှိသည်။

( နိုင်ငံတော်တည်ဆောက်ခြင်းဆိုသည်မှာ အစိုးရတစ်ရပ်၏ နိုင်ငံတော်တစ်ခုကို ပြုပြင်ပြောင်းလဲတည်ဆောက်ရာတွင် တွေ့ကြုံရသော အရေးအရာများကို ကိုင်တွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်မှုတွင် အင်စတီ ကျူးရှင်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းလည်း ပါဝင်ပြီး ထိုအင်စတီကျူးရှင်းများ၊ အဖွဲ့အစည်းများက စီးပွားရေး တစ်စုံတစ်ရာ တိုးတက်မှုရအောင် ကူညီအားပေးပြီး လူမှုညီမျှရေးအတွက် အထောက်အပံ့ကြီးစွာ ဖြစ်စေသည်။)

## အမေရိကန်ပုံစံ

နိုင်ငံတော်တည်ဆောက်ခြင်းတွင် နိုင်ငံတိုင်း ထပ်တူထပ်မျှ မတူနိုင်ကြချေ။ ကွဲပြားခြားနားသော စီမံကိန်း၊ အခြေခံစံနှုန်းများနှင့် ရည်ရွယ်ချက်အမျိုးမျိုးတို့ ရှိနိုင်ကြသည်။ တိုးတက်သော အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတည်ဆောက်မှုပုံစံတွင် ထင်ရှားသောပုံစံမှာ

mgyoe.com

mgyoe.com


- ပြည်သူပြည်သားများကို ဒီမိုကရေစီ အခွင့်အရေးများ အများဆုံး ပေးအပ်ခြင်း၊ ဒီမိုကရေစီ အတွေးအခေါ်များ ထည့်သွင်းပေးခြင်း။
- အခြားသော နိုင်ငံများကိုလည်း ဒီမိုကရေစီနိုင်ငံအဖြစ် (Democratization) အားပေးခြင်း။
- အမေရိကန်များ၏ အခြေခံအကျဆုံးသော ဆောင်ရွက်ချက်မှာ နိုင်ငံများတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လျော်ညီသော အစိုးရများ စိမ်အုပ်ချုပ်သည်ကို ထောက်ခံအားပေးခြင်း။
- တရားဥပဒေနှင့်အညီ လွတ်လပ်မျှတသော ရွေးကောက်ပွဲများမှတစ်ဆင့် တက်လာသော အစိုးရများကိုသာ အသိအမှတ်ပြု ထောက်ခံခြင်း။
- တရားဥပဒေစိုးမိုးရေး၊ ဥပဒေ၏ အခြေခံစည်းမျဉ်း (Rule of Law)၊ ဥပဒေနှင့် နိုင်ငံတော်အုပ်ချုပ်မှုအာဏာ သီးခြားဖြစ်တည်ရေး။
- အထက်ပါ အချင်းအရာများသည် ဒီမိုကရေစီအနှစ်သာရများဖြစ်၍ ရေရှည်ကောင်းကျိုးအတွက် အကျိုးဖြစ်ထွန်းစေသည်ကို ပြည်သူများ သိမြင်စေသည်။
- ဤဆောင်ရွက်မှုများသည်ပင်လျှင် အမျိုးသားရေး လုံခြုံမှုဖြစ်သည့်အားလျော်စွာ အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်သည်ဟူသော အသိ ရရှိစေခြင်း။
- ဤအခြင်းအရာများသည် ပြည့်ဝသောဒီမိုကရေစီ (Full-fledged Democracy) မဟုတ်သေးစေကာမူ နိုင်ငံတည်ဆောက်ရေးတွင် ကြီးစွာ အထောက်အပံ့ဖြစ်စေသည်ကို အများကျယ်ပြန့်စွာ သိရှိနိုင်ရေး။

**ချာချီစကား**

တစ်ချိန်က ထင်ရှားကျော်ကြားသော နိုင်ငံရေးသမားကြီးဖြစ်သည့် ဗြိတိသျှ နန်းရင်းဝန် Wiston Churchill က ပြောခဲ့သည်မှာ ...

"Democracy is the worst form of government, but it is better than any other type of government we have ever tried."

"ဒီမိုကရေစီဟာ အညံ့ဆုံးအစိုးရပုံစံပါ။ ဒါပေမဲ့ ကျွန်တော်တို့ ကြိုးစားခဲ့သမျှ အစိုးရပုံစံတွေထဲမှာတော့ ပိုကောင်းတဲ့အရာ ဖြစ်ပါတယ်"

နိုင်ငံတော်တည်ဆောက်ရာတွင် ဒီမိုကရေစီပုံစံမှတစ်ပါး အခြား ပို၍သင့်လျော်ရာ ရှိမည်မဟုတ်ပါ။ လက်တွေ့ကျသော၊ ရေရှည် တိုးတက်ကောင်းမွန်သော

mgyoe.com

mgyoe.com


နိုင်ငံတော်တစ်ခုဖြစ်ရန် တည်ဆောက်ရေးတွင် ဒီမိုကရေစီကျင့်စဉ်များကို ဦးစွာ အမြစ်တွယ် ထည့်သွင်းထားသင့်သည်။

*(ref : Nation Building )*

❒

mgyoe.com

mgyoe.com

# မူဝါဒများ ဆန်းစစ်ခြင်းနှင့် လူမှုရေးတိုးတက်မှု


30th March 2010

လူမှုရေး တိုးတက်မှုနှင့် မူဝါဒများ ဆန်းစစ်ခြင်းဟု ခေါင်းစဉ်တပ်ထားသော်လည်း အမှန်မှာ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ မူဝါဒများ ထားရှိပုံ မှန်ကန်မှုကို ဆန်းစစ်ခြင်း ဖြစ်သည်။ အင်စတီကျူးရှင်းများ၊ နိုင်ငံရေး၊ လူမှုရေးများပါဝင်ပြီး (Macro, Meso, Micro) ဟူသော အဆင့် (၃)ဆင့်ဖြင့်ဆန်းစစ်လေ့လာခြင်း ဖြစ်သည်။ TIPS Analysis ဟု အသုံးများပြီး (Tools for Institutional, Political and Social Analysis at Macro, Meso and Micro Level) ဖြစ်သည်။ နိုင်ငံတစ်ခုကို ဦးဆောင်သော အစိုးရများ၏ မြော်မြင်နိုင်မှု၊ ပညာကြီးမှုများဖြင့် အမှန်တကယ်တိုးတက်မှု ဆုတ်ယုတ်မှုတို့ ကွာခြားနိုင်ပါ သည်။

တတိယနိုင်ငံများနှင့် တိုးတက်ဖွံ့ဖြိုးပြီးသော နိုင်ငံများ၏ ကွာခြားချက်မှာ ဤအခြေခံကို ရယူဆောင်ရွက်ကြသော်လည်း တကယ်ပီပြင်အောင် ဆောင်ရွက်နိုင်မှုတို့ ကွာခြားကြသောကြောင့် ဖြစ်သည်။

mgyoe.com

## Tools for Institutional, Political and Social Analysis at Macro, Meso and micro level.




mgyoe.com

mgyoe.com

## A Framework for Social Analysis

### Macro Level

မက်ခရိုအဆင့်၌ (၂)ပိုင်း ခွဲခြားထားသည်။ နိုင်ငံလုံးနှင့်ဆိုင်ရာ (Country Context)နှင့် ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ (Reform Context) ဟူ၍ဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာတွင် (၂)ပိုင်း ထပ်မံခွဲခြား၍ သြဇာအာဏာဆိုင်ရာ ဆန်းစစ်မှု (Power Analysis)နှင့် အုပ်ချုပ်မှုဆိုင်ရာနှင့် စပ်ဆိုင်သော မေးခွန်းများဟူ၍ ဖြစ်သည်။ Power Analysis တွင် နိုင်ငံတစ်ခု၏ အာဏာကို ဆန်းစစ်သည်။ အုပ်ချုပ်ရေး အာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ သီးခြားလွတ်လပ်စွာ တည်ရှိနေခြင်းရှိ/ မရှိ၊ လွှတ်တော်များတွင် မည်မျှပမာဏသောအာဏာများ ကျင့်သုံးနိုင်ခြင်း စသည်အားဖြင့် လေ့လာပါသည်။ ဒီမိုကရေစီနိုင်ငံများ၌ အာဏာဖြန့်ကျက်ထားသည်ကို တွေ့နိုင်ပြီး တစ်ပါတီစနစ်၊ အာဏာရှင်တို့၌ အာဏာနှင့် လုပ်ပိုင်ခွင့်ကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားသည်ကို တွေ့ရမည် ဖြစ်သည်။ အာဏာသည် ညီမျှစွာ ထိန်းညှိထားနိုင်မှ တိုးတက်မှုကို ရရှိနိုင်မည် ဖြစ်သည်။

နောက်တစ်ခုမှာ Governance Questionaires ဖြစ်သည်။ ဤအတွက် စံပြုမေးခွန်းများစွာ ရှိသော်လည်း အရင်းချုပ်မှာ အုပ်ချုပ်မှုကောင်းဖြစ်/ မဖြစ် (Good Governance or Bad Governance)ကို လေ့လာသောအပိုင်း ဖြစ်သည်။ Power Analysis နှင့် ဆက်စပ်ပါသည်။ Power Analysis ပျက်ယွင်းပါက Good Governance ဖြစ်ရန် အကြောင်းမရှိချေ။ ထို့နောက် (Country Social Analysis)ဟူသော နိုင်ငံ၏ လူမှုရေးဆန်းစစ်ချက်များနှင့် (Drivers of Change) ဟူသော အပြောင်းအလဲတို့ ဖြစ်လာရန် မောင်းနှင်အားတို့ကို လေ့လာရသော အပိုင်း ဖြစ်ပါသည်။ အပြောင်းအလဲသည် အမြဲတစေရှိနေ၏။ အပြောင်းအလဲကို လွန်ဆန်၍ မရ၊ အပြောင်းအလဲများကို ဖြစ်ပေါ်စေသည့် မောင်းနှင်အားတို့ကို သိထားပြီး ကိုင်တွယ်လိုက်ပါနိုင်ရန်သာ ဖြစ်သည်။ ဆိုစကားတစ်ခုရှိသည်။ "There is nothing permanent except change" ဟူ၍ ဖြစ်သည်။ ပြောင်းလဲခြင်းမှ တစ်ပါး တည်မြဲသည်ဟူ၍ ဘာမှမရှိဟူ၏။

Macro Level တွင် အချို့နိုင်ငံများသည် ဤသို့သော အခါအားလျော်စွာ ပြောင်းလဲမှုများကို ကောင်းစွာသတိထား ကိုင်တွယ်နိုင်ခြင်း မရှိကြချေ။ ဥပမာ – ကွန်မြူနစ်နိုင်ငံခြင်းတူသော ရုရှားနှင့် တရုတ်တို့တွင် တရုတ်သည် အပြောင်းအလဲ အပေါ် သတိထားလိုက်ပါနိုင်ခဲ့၍ တိုးတက်မှုများ အံ့မခန်း ရရှိခဲ့သည်ကို သင်ခန်းစာ

mgyoe.com

mgyoe.com


ကောင်းစွာ ရယူနိုင်ပါသည်။

Macro Level မှ ခွဲထုတ်လိုက်သော Reform Context ဟူသည် ပြန်လည်ပြုပြင်ပြောင်းလဲရေးတွင် နှစ်ကဏ္ဍ ပြန်လည်ခွဲထုတ်သည်။ Stakeholder Analysis Matrices ဟူသော ပါဝင်ပတ်သက်သူတို့အပေါ် လေ့လာဆန်းစစ်ချက်ဖြစ်သည်။ ဒေါင်လိုက်ရော၊ အလျားလိုက်ပါ လေ့လာ၏။ ဒေါင်လိုက်ဆိုသည်မှာ အဆင့်ဆင့်ကွဲပြားမှု၏ အထက်အောက်သဘောဖြစ်ပြီး အလျားလိုက်ဆိုသည်မှာ ဘေးတိုက်၊ အဆင့်တူ၊ အသွင်တူများကို လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။ ဒုတိယကဏ္ဍမှာ Political Mapping ဟူသော နိုင်ငံရေးပုံစံကို လေ့လာဆန်းစစ်ခြင်းဖြစ်သည်။ ချမှတ်ထားသောမူဝါဒနှင့် ကိုက်ညီခြင်း ရှိ/မရှိ၊ အကောင်အထည်ဖော်မှုအခြေအနေ တိုးတက်မှုရှိ/မရှိ၊ လမ်းစဉ်နှင့် မူဝါဒများက အများပြည်သူများ လိုက်ပါနိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှုစသော အခြေအနေများကို လေ့လာခြင်းဖြစ်သည်။

နောက်ကဏ္ဍတစ်ခုမှာ Network Analysis ဟူသော ကွန်ယက် ချိတ်ဆက်မှုအပေါ် လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။ နိုင်ငံတစ်ခုဆိုသည်မှာ ကျယ်ပြန့်၏။ သာမန်ကုမ္ပဏီကြီးတစ်ခုတွင်ပင်လျှင် ကွန်ရက်တို့ ကောင်းစွာချိတ်ဆက်နိုင်ခြင်း မရှိကြချေ။ မူဝါဒကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ ချိတ်ဆက်မှု၊ အပြန်ပြန်အလှန်လှန် အကျိုးပြုနိုင်မှု၊ အစိုးရနှင့် အင်စတီကျူးရှင်းများ၏ အပေးအယူများ ပါဝင်ပါသည်။ နောက်တစ်ခုမှာ Transaction Cost Analysis ဖြစ်သည်။ တတိယနိုင်ငံများ အလေးမမူတတ်သော ကဏ္ဍလည်း ဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှု များပြားလျှင်၊ မလိုလားအပ်သော အထွေထွေကုန်ကျစရိတ်များ များပြားလျှင် ဤ Transaction Cost ကို ထိန်းသိမ်းနိုင်မည် မဟုတ်ချေ။

## Meso-Level

Meso အဆင့်သည် Micro နှင့် Macro ကြားအဆင့်ဖြစ်သည်။ မက်ဆို (အချို့ – မီဆို) သည် မူဝါဒများကို အကောင်အထည်ဖော်သောအဆင့် (Policy Implementation) ဖြစ်သည်။ ဤအဆင့်တွင် (၂) ပိုင်း ခွဲခြားသည်။ Stakeholder Analysis သည် Macro အဆင့်မှာကဲ့သို့ ပါဝင်ပတ်သက်ကြသူများအပေါ် လေ့လာမှုဖြစ်ပြီး Institutional ကမူ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များအပေါ် လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။

Meso-Level Stakeholder Analysis တွင် သုံးမျိုးသောကဏ္ဍများ ပါဝင်၏။

mgyoe.com

mgyoe.com


- Stakeholder Analysis Matrices
- Micro Political Mapping
- Force Field Analysis တို့ဖြစ်သည်။

ပထမဦးဆုံး Stakeholder Analysis Matrices မှာ Macro-Level မှာကဲ့သို့ဖြစ်ပြီး ယခုတွင် Meso-Level မှ လေ့လာခြင်းသာ ဖြစ်သည်။ Micro Level မှ Political Mapping ကို ယခု Meso တွင် ထည့်သွင်းထားသည်။ Force Field မှာမူ သက်ရောက်အားများနှင့် ခုခံအားများကို လေ့လာခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ပြောင်းလဲမှု (Change) အတွက် တွန်းအား (Drivers) များရှိသကဲ့သို့ပင် ခုခံအား (Resistance)များလည်း ရှိနေတတ်ပါသည်။ သက်ရောက်အားနှင့် ခုခံအားများ ညီမျှနေလျှင် ပြောင်းလဲမှုတစ်စုံတစ်ရာ မရရှိနိုင်ချေ။

Meso-level Institutional တွင် Static Mapping, Process Tracing နှင့် Process Mapping ဟူ၍ ကဏ္ဍသုံးရပ် ခွဲထုတ်ဆန်းစစ်ရပြန်သည်။

## Micro-Level

မိုက်ခရိုအဆင့်တွင် မူဝါဒပြုပြင်ပြောင်းလဲရေး၏ သက်ရောက်မှုကို လေ့လာသည်။ ကဏ္ဍ (၂)ခု ခွဲသည်။ Impact Evaluation ဟူသော သက်ရောက်မှုပမာဏကို လေ့လာခြင်းနှင့် Data Collection Method ဟူသော အချက်အလက် ကောက်ယူခြင်းနည်းစနစ်တို့ ဖြစ်သည်။ ပထမကဏ္ဍဖြစ်သော သက်ရောက်မှုအခြေအနေပေါ် အကဲဖြတ်မှု (Impact Evaluaiton) တွင် (၄) ပိုင်း ခွဲထုတ်ဆန်းစစ်သည်။

- Vulnerability Analysis
- Gender Analysis
- Livelihood Analysis
- Empowerment Analysis ဟူ၍ ဖြစ်သည်။

Vulnerability Analysis သည် အခြေအနေအရပ်ရပ်တို့ အစီအစဉ်တကျမဖြစ်ပါက ထိခိုက်လွယ်မှု၊ ပျက်စီးနိုင်မှုနှင့် အဖျက်အဆီး အဟန့်အတားခံနေရမှုတို့အပေါ် လေ့လာဆန်းစစ်မှု ဖြစ်သည်။ Gender Analysis မှာ ကျား–မ ဆိုင်ရာ လေ့လာမှုဖြစ်ပြီး Livelihood Analysis မှာ အများပြည်သူများ၏ ဝင်ငွေ၊ အလုပ်အကိုင်ဆိုင်ရာ၊ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးသည်တို့အပေါ် လေ့လာဆန်းစစ်မှု ဖြစ်သည်။ Empowerment Analysis မှာမူ လုပ်ပိုင်ခွင့်ကို

mgyoe.com

ဆင့်ထက်ကဲ မည်မျှ လွှဲအပ်ထားသည်၊ မျှဝေထားသည်ဟူသည့်အပေါ် လေ့လာခြင်း ဖြစ်သည်။ အချို့သော အသင်းအဖွဲ့များတွင် ဥက္ကဋ္ဌတစ်ဦးတည်းက လုပ်ပိုင်ခွင့် အလုံးစုံကို ချုပ်ကိုင်ထားလေ့ရှိကြပြီး လုပ်ပိုင်ခွင့် မျှဝေပေးထားခြင်းမရှိချေ။

Data Collection Method ပိုင်းတွင် မှန်ကန်သော ဖြစ်ရပ်နှင့် အဖြေများ ရစေရန် စနစ်ကောင်းများစွာ ချမှတ်၍ တုံ့ပြန်မှုများ၊ ရလဒ်များကို ကောက်ယူခြင်း ဖြစ်သည်။

- Contextual Method (အစိတ်အပိုင်း၊ ဆက်စပ်မှုများ)
- Non-Contextual Method (အစိတ်အပိုင်း၊ ဆက်စပ်မှုများ မဟုတ်သော)
- Participatory Method (ပါဝင်ဆောင်ရွက်မှု)
- Mixed Method (အမျိုးမျိုးသော)

**တစ်ပါတီ၊ အာဏာရှင်မှာ မအောင်မြင်**

TIPS Analysis သည် တစ်ပါတီ၊ အာဏာရှင်များစနစ်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း မတွေ့ရတတ်ချေ။ Micro Level ၏ Data Collection အဆင့်၌ပင် လက်တွေ့နှင့် စာရွက်ပေါ်အခြေအနေသည် များစွာ ကွာခြားနေ၏။ ဦးဆောင်သူ၊ အာဏာကြီးသူတို့၏ အကြိုက်ကိုလိုက်၍ စာရင်းလိမ်၊ သတင်းလိမ်များဖြင့် တင်ပြတတ်လာကြသဖြင့် အခြေဖြစ်သော Micro Level ၏ လေ့လာမှု Impact မှာ Meso Level ကို ကျေနပ်စေသော 'ကောင်းပါသည်' ဟူ၍သာ ဖြစ်လေ့ရှိပါသည်။

Macro သည် Policy ဟူသော မူဝါဒရေးရာကို ချမှတ်ပြီး Meso က မူဝါဒနှင့် မဟာဗျူဟာတို့ကို အကောင်အထည်ဖော်သောအဆင့် ဖြစ်ပါသည်။ Micro က သက်ရောက်မှု၊ တုံ့ပြန်မှုကို လေ့လာ၍ မူဝါဒမှားခြင်း၊ မှန်ခြင်း၊ မူဝါဒ အကောင်အထည်ဖော်မှု မှားခြင်း၊ မှန်ခြင်းတို့ကို လက်တွေ့ဖြစ်ရပ်များမှ အချက်အလက် ကောက်ယူ၍ အမှန်တင်ပြရမည့်အဆင့် ဖြစ်ရသည်။ အချက်အလက် အမှားများဖြင့် အထက်အဖွဲ့အစည်းများ ကျေနပ်၊ နှစ်သိမ့်မှုရအောင် စာရင်းဇယားများ တင်ပြတတ်သော အာဏာရှင်စနစ်၊ တစ်ပါတီစနစ်တွင် Macro Level မှ ချမှတ်သော မူဝါဒနှင့် မဟာဗျူဟာများ မှန်ကန်သည်ဟု ထင်မှတ်လေ့ ရှိတတ်ချေသည်။

ထိန်းညှိမှုရှိသော ဒီမိုကရက်တစ်နိုင်ငံများ၌မူ လုပ်ပိုင်ခွင့်နှင့် အာဏာကို ဖြန့်ကျက်ထားသဖြင့် မူဝါဒရေးဆွဲရာတွင် အမှားဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မူဝါဒ

mgyoe.com

mgyoe.com

ကို အကောင်အထည်ဖော်ရာတွင် အချိတ်အဆက် မမိခဲ့လျှင်သော်လည်းကောင်း၊ အထက်မှကျေနပ်ရန် တင်ပြမှုမျိုး မဟုတ်သဖြင့် မှားသည့်နေရာကို သိနိုင်ပြီး ပြင်ဆင်နိုင်ကြသည်ကို တွေ့ရပါသည်။

အနာဂတ်ကာလ ပြုပြင်ပြောင်းလဲရေးများဖြင့် အသွင်ကူးပြောင်းကြမည့် မြန်မာနိုင်ငံ၏ အစိုးရသစ်တွင်လည်း လုပ်ပိုင်ခွင့်များ ဖြန့်ကျက်ပြီး လက်တွေ့ဖြစ်စဉ်များကိုလည်းကောင်း၊ အခြေအနေမှန်များကိုသော်လည်းကောင်း တင်ပြနိုင်ကြသော စနစ်ကောင်းတို့ကို ကျင့်သုံးနိုင်သော အစိုးရမျိုးဖြစ်ခဲ့လျှင် တိုးတက်မှုသည် လက်တစ်ကမ်းမျှတွင်သာ ရှိနေပါသည်။

*( Ref : Frame work for Social Analysis)*

☐

mgyoe.com

mgyoe.com

# စီးပွားရေးစနစ်ပုံစံများ

31St March 2010

စီးပွားရေးစနစ်ပုံစံ များစွာရှိသည်။ သို့သော်လည်း မျက်မှောက်တွင် နိုင်ငံများစွာအသုံးပြုနေကြသော ထင်ရှားသည့်စီးပွားရေးပုံစံမှာ (၃) မျိုးဖြစ်သည်။

- Market Economy (ဈေးကွက်စီးပွားရေး)
- Planned Economy (စီမံကိန်းစီးပွားရေး)
- Mixed Economy (ပေါင်းစပ်စီးပွားရေး)

**ဈေးကွက်စီးပွားရေး**

Market Economy ဟူ၍လည်းကောင်း၊ Free Market Economy ဟူ၍လည်းကောင်း၊ Market Oriented Economy ဟူ၍လည်းကောင်း ခေါ်ဝေါ်သည်။ အခြေခံမှာ ဈေးကွက်ပေါ်မူတည်သော၊ ဈေးကွက်အဓိက၊ ဈေးကွက် အခြေပြု စီးပွားရေးသာ ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ ချုပ်ခြယ်မှုမှ ကင်းလွတ်သည်၊ ဈေးကွက်၏သဘောနှင့် ဈေးကွက်၏လိုအပ်ချက်အရ ဖြစ်ပေါ်ရသည်။

ဈေးကွက်စီးပွားရေးတွင် နိုင်ငံတော်၏ အခန်းကဏ္ဍသည် သာမန်မျှသာ ပါဝင်သည်။ စားသုံးသူများ၏ ဝယ်လိုအား ဆုံးဖြတ်ချက် (Buying Decision) က ဈေးကွက်ကို အဓိက မောင်းနှင်ပါသည်။ ဤပုံစံ စီးပွားရေးတွင် ဈေးကွက်သည်သာ အဓိကကဏ္ဍတွင် ရှိနေပြီး ဈေးကွက်၏မောင်းနှင်အားဖြင့် နိုင်ငံ၏ စီးပွားရေး လမ်းကြောင်းကို ပုံဖော်ပါသည်။ ဈေးကွက်စီးပွားရေးသည် လုပ်ငန်း (Industry) တစ်ခု၏ မလိုအပ်ဘဲ ကျခံသုံးစွဲ၊ အနစ်နာခံရမှုများကို ဖယ်ရှားပေးသည်။ ကွဲပြားခြားနားသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းနှင့် တန်ဖိုးကို ကြိုတင်

mgyoe.com

mgyoe.com


ဆုံးဖြတ်ပြီး ကွဲပြားခြားနားသော လုပ်ငန်းများအလိုက် လုပ်ထုံးလုပ်နည်းများလည်း ရှိရသည်။

ဗဟိုမှရေးဆွဲသော စီမံကိန်းမှကင်းလွတ်ခြင်းသည် ဤစီးပွားရေးစနစ်၏ အဓိကထင်ရှားသော လက္ခဏာတစ်ရပ်ဖြစ်ပြီး ဈေးကွက်၏အဆုံးအဖြတ်များသည် ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ်တွင်သာ လုံးဝ တည်မှီရပါသည်။ ဈေးကွက် စီးပွားရေးတွင် အစိုးရများ၏ကဏ္ဍမှာ တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းပေးရန်သာဖြစ်ပြီး စီးပွားရေး လှုပ်ရှားဆောင်ရွက်မှုများ သွက်လက်ရန် ကူညီထောက်ပံ့ရခြင်းမျိုးသာ ဖြစ်သည်။ ဥပမာ ကုန်ထုတ်လုပ်မှုများအတွက် စက်မှုဇုံများ သတ်မှတ်ခြင်း၊ မီး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပေးခြင်း၊ ငွေရင်းငွေနှီးများအတွက် ဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ချေးငှားပေးခြင်းတို့ ဖြစ်သည်။

### စီမံကိန်းစီးပွားရေး

Planned Economy ဟူ၍လည်းကောင်း၊ Centralized Economy ဟု အသိများကြသည်။ တစ်ခါတစ်ရံတွင် Command Economy ဟုလည်း ဝိဂြိုဟ်ပြုသည်။ ဤပုံစံမျိုးရှိ စီးပွားရေး၏ အဓိကလက္ခဏာမှာ စီးပွားရေးတစ်ရပ်လုံး၏ ဆက်နွယ်မှုများဖြစ်ကြသော ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ဝန်ဆောင်မှု၊ ဈေးနှုန်း စသည်များကို အစိုးရ သို့မဟုတ် ဗဟိုမှ သတ်မှတ်ဆုံးဖြတ်နေခြင်း ဖြစ်သည်။ ဈေးကွက်၏လိုအပ်ချက်၊ ဈေးကွက်လက်ခံနိုင်မှု၊ တုံ့ပြန်မှုတို့နှင့် တစ်သားတည်း မကျတတ်ချေ။

စီမံကိန်း စီးပွားရေးဆိုသည်မှာ အစိုးရများကလမ်းညွှန်မှုမှ သက်ဝင်လှုပ်ရှားကြရသော သဘောရှိသည်။ ပြုပြင်ပြောင်းလဲနိုင်မှု အင်အားကောင်းစွာ မရှိကြ။ စီမံကိန်းစီးပွားရေးကို ဗဟိုမှ ချုပ်ကိုင်ကြရသည်ဖြစ်ရာ ဈေးကွက်၏ လိုအပ်ချက် အပေါ် တုံ့ပြန်မှု၊ အခါအားလျော်စွာ ပြောင်းလဲမှုတို့အတွက် အဆင်သင့်ဖြစ်မှုတို့ အားနည်းပါသည်။ စားသုံးသူတို့၏ လိုအပ်ချက်အမှန်ကို ဖြည့်ဆည်းပေးနိုင်မှု မရှိဘဲ ဝယ်လိုအား၊ ရောင်းလိုအားတို့ကို ဟန်ချက်ညီအောင် မထိန်းညှိနိုင်ကြချေ။ ဤ စီမံကိန်းဈေးကွက်ကို အစိုးရများကသာ ထိန်းချုပ်ထား၍ တစ်ပါတီ၊ အာဏာရှင် အစိုးရများလည်း ဖြစ်တတ်သဖြင့် အရင်းအမြစ်များကို ပုံအော၍ သုံးစွဲတတ်ကြသည်။ ကြော်ငြာခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူတို့၏ လိုအပ်ချက်ကို လေ့လာ ဆန်းစစ်ခြင်း ကောင်းစွာ မဆောင်ရွက်နိုင်ကြချေ။

mgyoe.com

mgyoe.com


ပေါင်းစပ်စီးပွားရေး

Mixed Economy ကို ရောယှက်စီးပွားရေးဟုလည်း ခေါ်လေ့ရှိသည်။ ဤစီးပွားရေးပုံစံတွင် အထက်က စီးပွားရေးပုံစံနှစ်မျိုးဖြစ်သော Planned Economy နှင့် Market Economy နှစ်မျိုးကို ပေါင်းစပ်ထားသည့်ပုံစံ ဖြစ်သည်။ နိုင်ငံ တော်တော်များများတွင် ကျင့်သုံးလျက် ရှိသည်ကို တွေ့နိုင်မည်ဖြစ်သည်။ နိုင်ငံ၏စီးပွားရေးတွင် ဈေးကွက်စီးပွားရေးနှင့် စီမံကိန်းစီးပွားရေးများ၏ ပါဝင်မှုကဏ္ဍက အဓိက အပိုင်းမှ အားပြိုင်စွာ ပါဝင်နေတတ်သည်။

အစိုးရများ၏ လိမ္မာပါးနပ်မှု၊ မြော်မြင်နိုင်မှုက အရေးကြီးပြီး တစ်ခါတစ်ရံ ပြုပြင်ပြောင်းလဲမှုများရှိ၍ အချို့နေရာများတွင် တုံ့ပြန်မှု၊ ဖြည့်ဆည်းနိုင်မှုတို့ အားနည်းကြောင်း တွေ့ရတတ်သည်။ ဤပေါင်းစပ်စီးပွားရေးတွင် အရင်းရှင်ဝါဒ စီးပွားရေးနှင့် ဆိုရှယ်လစ် စီးပွားရေးမူဝါဒများကို ပေါင်းစပ်ကျင့်သုံးထားကြောင်း တွေ့နိုင်မည်ဖြစ်ပြီး မြို့ပြလူမှုအဖွဲ့အစည်းများ ထိုက်သင့်စွာ ရှိလာကာ ကျယ်ပြန့်သော နိုင်ငံရေးနှင့် စီးပွားရေးအမြင်များကို ရရှိစေပါသည်။

စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံတို့သည် ဤပေါင်းစပ်စီးပွားရေးပုံစံကို ကောင်းစွာ ကျင့်သုံးပြီး တိုးတက်လာသော နိုင်ငံများဖြစ်သည်။

အဒမ်နှင့်ကိန်း

(၁၇၇၆) ခန့်က ပေါ်ထွက်ခဲ့သော စီးပွားရေးပညာရှင်ကြီး Adam Smith က ဈေးကွက်သဘောကို လွတ်လပ်စွာ လွှတ်ထားရန် အခြေခံသည်။ အစိုးရများ၏ ပါဝင်ပတ်သက်မှုကို လက်မခံ၊ အစိုးရများ၏ ပါဝင်ပတ်သက်မှုက ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဖြစ်စေသည်ဟု ဆိုသည်။ ဈေးကွက်တွင် မမြင်ရသောလက် (Invisible Hand)ရှိ၍ ထိုလက်က လိုအပ်သည်များကို ထိန်းကျောင်းသွားလိမ့်မည်ဟု ဆိုသည်။

အဒမ်စမစ်နှင့် ဆန့်ကျင်ဘက် Keynes ကမူ အစိုးရ၏ ပါဝင်စွက်ဖက်မှုကို ထောက်ခံသူဖြစ်သည်။ ဈေးကွက်ကို ဈေးကွက်အတိုင်း လွှတ်ထား၍မသင့်ဟု ဆိုသည်။

Free Enterprise System သည် Market Economy သာဖြစ်ပြီး ရင်းမြစ်အများစုကို ပုဂ္ဂလိက–က ပိုင်ဆိုင်မှုပြုသည်။ Adam Smith က အယူအဆတစ်ရပ်ကို စတင်ခဲ့ပြီး လူမှုအဖွဲ့အစည်းတစ်ရပ်မှ မိမိတို့အကျိုးစီးပွားအတွက် အမြင့်ဆုံး ရရှိခံစားနိုင်ကြရန် ဖြစ်သည်။ လူမှုရေးတွင် ပူးပေါင်းဆောင်ရွက်ရာ၌ ထင်ရှား

mgyoe.com

mgyoe.com


သော လုပ်ငန်းနှစ်ရပ်ရှိသည်။ ပထမတစ်ခုသည် လူမှုအခင်းအကျင်းအတွက် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ပြီး နောက်လုပ်ငန်းတစ်ခုမှာ ဖြန့်ဖြူးမှုဟူသော Distribution ဖြစ်သည်။

## စီးပွားစနစ်ဆိုသည်မှာ

Economic System ဆိုသည်မှာ စုပေါင်းထားသော နည်းလမ်းများတစ်ခုဖြစ်ပြီး လူသားတို့၏ လိုအပ်ချက်ကို ကန့်သတ်မှုမရှိစွာ ဖြည့်ဆည်းပေးမည့် စီးပွားရေးရင်းမြစ်များကို လူမှုအဖွဲ့အစည်းတစ်ခုက နေရာချထားခြင်း၊ ခန့်ခွဲခြင်း ဖြစ်သည်။ ပုဂ္ဂလိကလုပ်ငန်းဟူသော Private Enterprise ကို Adam Smith က စတင်ဖော်ညွှန်းခဲ့သည်။ ပုဂ္ဂလိကတို့၏ အကျိုးစီးပွား၊ လူမှုအဖွဲ့အစည်းတို့၏အကျိုးစီးပွားကို ဖြည့်တင်းနိုင်ရန်လည်း ဖြစ်သည်။

စီးပွားရေးစနစ်တစ်ခုကို လူမှုစနစ်တစ်ခုကဲ့သို့ စဉ်းစားနိုင်ကြောင်း၊ ဥပဒေစနစ်၊ နိုင်ငံရေးစနစ်၊ ယဉ်ကျေးမှုစနစ်များနှင့် တန်းတူအရေးကြီးကြောင်း Smith က ဆိုခဲ့ပါသည်။ အတိတ်ကာလက ကမ္ဘာကြီးသည် စီးပွားရေးစနစ်များစွာကို ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ မျက်မှောက်ကာလတွင် အများစုက ဈေးကွက်စီးပွားရေးကို လိုက်နာအကောင်အထည်ဖော်နေကြသည်ဖြစ်ရာ ဈေးကွက်စီးပွားရေးကြောင့်ပင် တိုးတက်သွားခဲ့ကြသော နိုင်ငံများမှာ မျက်မြင်ထင်ရှား များပြားစွာရှိနေပြီဖြစ်၍ (၂၁) ရာစု၏ အစသည် ဈေးကွက်စီးပွားရေး ပို၍အားကောင်းလာသည်ဟု ဆိုရပေမည်။

## စီးပွားရေးပေါ်လစီ

Economic Policy သည် စီးပွားရေးတစ်ရပ်အပေါ် အစိုးရက ချမှတ်ပေးထားသော မူဝါဒတစ်ရပ်ဖြစ်သည်။ ပါဝင်သော အဓိကအစိတ်အပိုင်းများမှာ အစိုးရဘတ်ဂျက်၊ အတိုးနှုန်း၊ လုပ်သားဈေးကွက်၊ အမျိုးသားပိုင်ဆိုင်မှု စသည်တို့ဖြစ်ပြီး စီးပွားရေးတွင် အစိုးရ၏ပါဝင်မှုများလည်း အကျုံးဝင်သည်။ မက်ခရိုပေါ်လစီနှင့် မိုက်ခရိုပေါ်လစီဟူ၍ ခွဲခြားထားသည်။ မက်ခရိုစီးပွားရေးပေါ်လစီ တည်ငြိမ်မှုရရန် Money Supply ကို သတိပြုကိုင်တွယ်ရသည်။ ကုန်သွယ်ရေး မူဝါဒများတွင် အခွန်စည်းကြပ်နှုန်းများ၊ ကုန်သွယ်ရေးသဘောတူညီချက်များ ပါဝင်သည်။ Economic Growth ဟူသော စီးပွားရေးတိုးတက်မှု၊ Development Economics ဟူသော ဖွံ့ဖြိုးမှု၊ Redistribution ဟူသော ပြန်လည်ဖြန့်ဖြူးရေး (ဝင်ငွေ၊ ပိုင်ဆိုင်မှု၊ ခနေ) အပြင် လုပ်ထုံးလုပ်နည်းများ၊ လက်ဝါးကြီးအုပ်မှုနှင့် စက်မှုလုပ်ငန်းနှင့်

mgyoe.com

m g y o e . c o m


ဆိုင်သော မူဝါဒများ ပါဝင်သည်။

စီးပွားရေးမူဝါဒကို ချမှတ်ရာတွင် ဆိုင်ရာရည်မှန်းချက်များ ရှိကြသည်။ စီးပွားရေးတိုးတက်မှု၊ အလုပ်လက်မဲ့နှုန်းကျဆင်းရေး၊ ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းရေးစသော ဦးတည်ချက်များရှိတတ်ပြီး တစ်ခါတစ်ရံ စစ်အသုံးစရိတ်များ၊ ပြည်သူ ပိုင်ပြုမှုစသည်တို့သည်လည်း အရေးကြီးသောအချက်များ ဖြစ်သည်။ စီးပွားရေး ရည်မှန်းချက်များ ရရှိနိုင်ရန် မူဝါဒကို အကောင်အထည်ဖော်ပေးသည့်ကိရိယာ (Policy Tools) တို့သည် အစိုးရတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိသည်။ အစိုးရက အဓိကကိုင်တွယ်ပေးသောအရာများမှာ အတိုးနှုန်း (Interest Rate)၊ ငွေကြေး သွင်းအားစု (Money Supply)၊ အခွန် (Tax)၊ အစိုးရအသုံးစရိတ် (Government Spending)၊ ငွေကြေးလဲလှယ်နှုန်း (Exchange Rate)၊ လုပ်သားဈေးကွက် လုပ်ထုံးလုပ်နည်းများ (Labour Market Regulation)နှင့် အခြားသော အဓိက ကျသည့်သွင်ပြင်များ ပါဝင်သည်။

## ကိန်းလား၊ စမစ်လား

အမေရိကန်တို့ ဦးဆောင်သော အရင်းရှင်စီးပွားရေးစနစ်က ဈေးကွက်စီးပွား ရေးပေါ် အခြေခံကာ (၂၀) ရာစုအတွင်း အကြီးအကျယ် အောင်မြင်လာသည်။ နိုင်ငံတော်တော်များများကလည်း ပြောင်းလဲကျင့်သုံးလာခဲ့ကြသည်။ (၂၀၀၈) ကမ္ဘာ စီးပွားရေးကပ်သည်လည်း အမေရိကန်တို့၏ အိမ်ရာဈေးကွက်မှ စတင်ပြိုကျလာ ခဲ့ပြီး တစ်ကမ္ဘာလုံးသို့ တစ်မဟုတ်ချင်း ကူးသွားခဲ့ပါသည်။ Adam Smith က ဈေးကွက်ကို သူ့သဘောအတိုင်း လွှတ်ထားစေလိုသည်။ အစိုးရများ၏ ကိုင်တွယ်မှု၊ ဝင်ရောက်စွက်ဖက်မှုက ကောင်းကျိုးထက်၊ ဆိုးကျိုးကို ပို၍ဖြစ်စေရန် မလိုအပ်ဟု ဆိုသည်။ ဈေးကွက်ရှိ မမြင်ရသောလက်က သူ့အလိုအလျောက် ထိန်းညှိသွားပါလိမ့် မည်ဟု ဆိုခဲ့သည်။ လွန်ခဲ့သော (၂) နှစ် စီးပွားရေးပျက်ယွင်းမှုကြောင့် အစိုးရတို့၏ ပါဝင်စွက်ဖက်မှုကို ထောက်ခံသော Keynes ၏ အယူအဆက ပြန်လည် ခေါင်း ထောင်လာပါသည်။ အစိုးရများက ဝင်ရောက်ထိန်းသိမ်းပေးခြင်းမရှိသောကြောင့် ဖြစ်ရသည်ဟု ထောက်ပြသည်။

ဤတွင် အစိုးရများက မည်သည့်အတိုင်းအတာအထိ ပါဝင်သင့်သနည်း ဟူသောအမေးက ရှိလာရပေသည်။ ထဲထဲဝင်ဝင်၊ နေရာတကာ ပါဝင်လာလျှင် Centralized Economy ဟူသော ဗဟိုချုပ်ကိုင်မှုဖြင့် ဆောင်ရွက်သော စီးပွားရေး သို့မဟုတ် Planned Economy ဟူသော အစိုးရများက ချမှတ်သည့် စီမံကိန်း

m g y o e . c o m

mgyoe.com

စီးပွားရေးမျိုး ဖြစ်သွားပေမည်။

အမေရိကန်တွင် ဖြစ်ပွားခဲ့သော စီးပွားရေးပျက်ယွင်းမှုသည် ပြန်လည်သုံးသပ်ချက်များအရ Regulation ဟူသော လုပ်ထုံးလုပ်နည်းများကို လျှော့ပေါ့ထားလွန်းသောကြောင့် ဖြစ်သည်ကို တွေ့ရပေသည်။ ရှိသင့်သောစံနှုန်းအောက်များစွာ လျှော့ပေးထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အစိုးရ၏ပါဝင်မှုနှင့် ရှိသင့်သောကဏ္ဍမှာ လုပ်ထုံးလုပ်နည်းများ သာချမှတ်၍ထိန်းကျောင်းမှု တစ်ခုထက်မပိုသင့်ဟု နောက်ဆုံးအများကကောက်ချက်ချ လက်ခံလိုက်ကြပါသည်။

## ဦးဆောင်သူသာအရေးကြီး

အရာရာတွင် ခေါင်းဆောင်များ၏ကဏ္ဍမှာ အရေးကြီးပါသည်။ စနစ်တစ်ခုမှ တစ်ခု အကူးအပြောင်းတွင် ပါးနပ်လိမ္မာဖို့ ဖြစ်သည်။ အသားမကျသေးသောစနစ်တစ်ခုအတွက် အစပိုင်းမှာ အကိုင်အတွယ် ညင်သာ၊ သိမ်မွေ့ဖို့ လိုသည်။ စနစ်တစ်ခု၊ အယူအဆတစ်ခုသည် ထာဝရမှန်ကန်နေမည် မဟုတ်ပါ။ စနစ်တစ်ခုကို ရင့်ကျက်စွာ အသုံးပြုနိုင်လင့်ကစား ခေါင်းဆောင်တို့၏ ပြော်မြင်ပါးနပ်မှုဖြင့် အနည်းငယ် ရွှေ့ပြောင်းကစားတတ်ရန် လိုအပ်ပါဦးမည်။

စင်ကာပူ၊ တရုတ်နှင့် နောက်ပိုင်း တစ်ဟုန်ထိုးတက်လာသော ဗီယက်နမ်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကိုကြည့်လျှင် ဈေးကွက်စီးပွားရေးကို အလုံးစုံ ၎လိုက်နာသည်မဟုတ်ကြောင်း တွေ့နိုင်သည်။ ရောယှက်စီးပွားရေးဟူသော Mixed Economy ကို လိမ္မာပါးနပ်စွာ ဦးဆောင်သူတို့က ကိုင်တွယ်အသုံးပြုသွားကြပါသည်။ Planned Economy တို့ ကျဆုံးရခြင်း၏ အဓိကအချက်တစ်ချက်မှာ လက်တွေ့မကျသော စီမံကိန်းများကို ဆောင်ရွက်နေ၍ ဖြစ်သည်။ စီမံကိန်း ယန္တရား၊ အုပ်ချုပ်မှုယန္တရားကို ပုံမှန်စစ်ဆေးခြင်းမရှိဘဲ 'သဘောမျှသာထား'၍ ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။

အစိုးရများသည် နိုင်ငံ၏ ပြည်သူများ လိုအပ်ချက်ဖြစ်သော Social Issues ဟူသည် လူမှုအရေးကိစ္စများကို ဖြည့်တင်းပေးကြရသည်ဖြစ်ရာ မိမိတို့၏ အစိုးရယန္တရားသည် တကယ်ဖြည့်ပေးနိုင်ခြင်း ရှိ/မရှိကို ကောင်းစွာ၊ မှန်ကန်စွာ သုံးသပ်နိုင်ခြင်း မရှိခဲ့ကြချေ။ ဤအမှားကို ပြင်ဆင်နိုင်ပါက အောင်မြင်နိုင်ခွင့်ရှိနေပါသည်။

စင်ကာပူ၊ တရုတ်တို့တွင် အစိုးရတို့၏ ပါဝင်ပတ်သက်မှုကဏ္ဍမှာ ကြီးမားစွာရှိနေဆဲ ဖြစ်သည်။ သို့သော်လည်း အစိုးရတို့ပါဝင်သော စီးပွားရေးလုပ်ငန်းကြီးများမှာ လက်တွေ့နှင့် ကင်းကွာနေသည်မဟုတ်၊ ဈေးကွက်နှင့် လိုအပ်ချက်များ တစ်သား

mgyoe.com

mgyoe.com


တည်း ရှိနေပါသည်။ အစိုးရများက လုပ်ထုံးလုပ်နည်းများကိုသာ ချမှတ်ပေးခြင်း၊ လမ်းကြောင်းပေးခြင်းမျှကိုသာ လုပ်ဆောင်ပေးပါသည်။ အမိန့်နှင့် လုပ်ထုံးလုပ်နည်းများသည် 'ဆန္ဒ'ပေါ် အခြေခံကြသည်မဟုတ်၊ လက်တွေ့နှင့် မကင်းကွာသော 'ဦးနှောက်' ပေါ် အခြေခံခြင်းဖြစ်၍ အောင်မြင်နေကြခြင်း ဖြစ်သည်။

မြန်မာ့အနာဂတ်နိုင်ငံရေး၊ စီးပွားရေးတို့သည်လည်း (၂၀၁၁) နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးစနစ်ထဲသို့ တစ်စတစ်စ ဝင်ရောက်လာနိုင်မည်ဟု မျှော်လင့်ရပါသည်။ ကာလသစ်တွင် ဦးဆောင်ကြမည့်သူများ မူဝါဒမှန်ကန်ပါက တိုးတက်မှုအရှိန် ပိုမိုကောင်းမွန်မည်ဖြစ်ပြီး အနည်းဆုံး ဈေးကွက်စီးပွားရေး ပိုမိုပီပြင်လာပါက ဒီမိုကရေစီအမူအကျင့်များ ပို၍အားကောင်းလာကာ နိုင်ငံရေးစနစ်အတွင်း အတိုင်းအတာတစ်ခုအထိ ကူးစက်သက်ရောက်နိုင်မည် ဖြစ်သည်။ တစ်စုံတစ်ရာ နောက်ကျကျန်နေခဲ့ပြီဖြစ်သော အခြေအနေတစ်ရပ်ကို အနာဂတ် မြန်မာ့နိုင်ငံရေး၊ စီးပွားရေးကို ပုံဖော်ကြမည့် ဦးဆောင်သူများအနေဖြင့် မြော်မြင်မှုကြီးစွာ လမ်းကြောင်းတစ်ခုပေါ် တင်ပေးနိုင်ကြမည်ဟု မျှော်လင့်ရပါသည်။

❐

mgyoe.com

mgyoe.com

# အစဉ်အလာနှင့် လစ်ဘရယ်

8th April 2010

လျင်မြန်စွာ ပြောင်းလဲပြုပြင်ခြင်းကို နှစ်သက်လေ့ သိပ်မရှိကြသော အစဉ်အလာသမားများ၊ Conservatives များနှင့် ပွင့်လင်း၍ သဘောထားကြီးပြီး လွတ်လပ်စွာ တွေးခေါ်တတ်သည့် Liberals သမားများဟူ၍ အဓိကအင်အားစုကြီး နှစ်ခုရှိသည်။ အခြားအမျိုးအစားအုပ်စုများရှိသော်လည်း ဤအုပ်စုနှစ်ခုမျှလောက် အင်အားမကောင်းကြချေ။ အစ္စလာမ်ဘာသာ နိုင်ငံတချို့တွင်မူ ရယ်ဒီကယ်များ၊ အစွန်းရောက်များ အတော်အသင့်ရှိကြသော်လည်း အခြားနိုင်ငံများတွင်မူ ဤဘာသာဝင်များလောက် သဘောထား အလွန်အကျူး မတင်းမာကြတော့။

အနာဂတ် မြန်မာ့နိုင်ငံရေးအကူးအပြောင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး စသော ကဏ္ဍများတွင် သုတေသနများ၊ အချက်အလက် သတင်းစုဆောင်းမှုများ တိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ရသည်။ သတင်းအချက်အလက် လွယ်ကူစွာ ရရှိနိုင်သော အမေရိကန်လိုနိုင်ငံမျိုးကို ဥပမာပေးရေးသားမှုများ ရှိလာရသည်။ အမေရိကန်တို့သည် သူတို့ကိုယ်သူတို့ အောက်ပါအတိုင်း ထုတ်ဖော်ဝန်ခံခဲ့ကြသည်။

mgyoe.com

mgyoe.com

## Americans' Description of Self

| | |
|---|---|
| Very Liberal | 5% |
| Somewhat Liberal | 12% |
| Moderate | 48% |
| Somewhat Conservative | 24% |
| Very Conservative | 8% |
| Don't Know | 3% |

Source: New York Times

အစွန်းမကျ–မျှတသော အလယ်အလတ် Moderate သမားဦးရေက (၄၈%) ဖြစ်၍ အစဉ်အလာသမားများက (၂၄%) ဖြစ်သည်ကို တွေ့ရသည်။ ဒီမိုကရေစီဖြစ်စဉ်တွင် အစဉ်အလာသမားများ အလွန်များလျှင်လည်း တိုးတက်မှု နှေးကွေးတတ်ပြီး လစ်ဘရယ်သမားများ အလွန်များလျှင်လည်း တိုးတက်မှု ရှိမည် ဖြစ်သော်လည်း အခြားသောပြဿနာများလည်း ရှိလာတတ်ပါသည်။

အရွယ်အပိုင်းအခြား

အသက်အရွယ်၊ ပညာ၊ အလုပ်အကိုင် စသည်တို့ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ဆိုင်ပါသည်။ အချို့က အစဉ်အလာ တန်ဖိုးများကို အလေးထား၍ ပျက်စီးရွေ့လျောသွားမည်ကို စိုးရိမ်ကြသည်။ Conservative သမားများ၏ စိတ်အခြေအနေတစ်ရပ် ဖြစ်သည်။ အချို့က အစဉ်အလာကို ဖက်တွယ်နေလျှင်၊ တိုးတက်မှုကို မရတတ်၍ အစဉ်အလာကို စွန့်သင့်က စွန့်ရမည်ဟူသော အယူအဆသည် Liberal သမားများ၏ ခံယူချက်ဖြစ်၏။

အငြိမ်းစားဝန်ထမ်းများသည် များသောအားဖြင့် ကွန်ဆာဗေးတစ်များ ဖြစ်ကြပြီး သူတို့တွင် စီးပွားရေးအရ သစ်လွင်သောအကြံဉာဏ်များ မရှိကြတော့ချေ။ တက္ကသိုလ်ကျောင်းသား အရွယ်များသည်ကား အရွယ်အားဖြင့် နုပျိုလျက်ရှိကြပြီး လုပ်ချင်ကိုင်ချင်စိတ်၊ တီထွင်ကြံဆလိုစိတ်များသောအရွယ်များလည်း ဖြစ်ကြသည်။ ထိုအရွယ်အများစုသည် Liberal များ ဖြစ်လေ့ရှိကြသည်။ သူတို့၏စိတ်နှင့် အမြင်တို့သည် လူမှုရေး၊ လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော အရေးအရာများအပေါ်တွင် ပွင့်လင်းကြသည်၊ တိုးတက်ကြံဆလိုစိတ်များ ရှိကြသည်။

ပညာနည်းပါးကြသူများမှာ ကွန်ဆာဗေးတစ်များ ဖြစ်လေ့ရှိကြပြီး ပညာတတ်
mgyoe.com

mgyoe.com


များနှင့် အရွယ်ငယ်သူများ၊ စီးပွားရေးသမားအများစုမှာ Liberal များ ဖြစ်လေ့ရှိကြသည်။ နိုင်ငံတစ်နိုင်ငံတွင် လူငယ်လူလတ်ဦးရေ၊ ပညာတတ်ဦးရေ၊ အသက်အရွယ်ရဦးရေ၊ အငြိမ်းစားဦးရေ–စသော အချက်အလက်များကို စုဆောင်းလေ့လာခြင်းအားဖြင့် လစ်ဘရယ်သမားများ၊ ကွန်ဆာဗေးတစ်သမားများ မည်မျှ အချိုးအစားရှိကြသည်ကို ခန့်မှန်း၍ရနိုင်သည်။

## သမ္မတရီဂင်လက်ထက်

အမေရိကန်ရုပ်ရှင်မင်းသားကြီးတစ်ဖြစ်လဲ သမ္မတကြီးရီဂင်လက်ထက်တွင် သူ၏နိုင်ငံခြားရေးရာ မူဝါဒများ၊ သန္ဓေသားဖျက်ချခြင်းကိစ္စ စသော အကြောင်းအရာများကို ဆုံးဖြတ်ချက် ချမှတ်ရာ၌ Liberal သမားများ၏ ထောက်ခံမှုကိုကောင်းစွာရရှိပြီး ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ရီဂင်၏ ထူးခြားသောပါရမီတစ်ခုမှာ လစ်ဘရယ်သမားများကိုသော်လည်းကောင်း၊ ကွန်ဆာဗေးတစ်များကိုသော်လည်းကောင်း သူလိုအပ်သလို စည်းရုံး အသုံးပြုသွားနိုင်သည်ဟုဆိုသည်။

## ဘယ်သူတွေအလေးထား

နိုင်ငံရေးသိပ္ပံပညာရှင် Gabriel Almond က အမေရိကန်ပြည်သူ့အမြင် (Public Opinion) တွင် သုံးပိုင်းရှိသည်ဟုဆိုသည်။

### (၁) ယေဘုယျပြည်သူ

ယေဘုယျပြည်သူဟူသော General Public တွင် အမေရိကန်လူမျိုးများအများစုဖြစ်ပြီး သူတို့နှင့် တိုက်ရိုက်ချက်ချင်း ပတ်သက်မှုမရှိဟု ယူဆသောသူများပါဝင်သည်။ အမေရိကန်တွင် စစ်ပွဲမဖြစ်လျှင် သို့မဟုတ် နိုင်ငံတကာ အကျပ်အတည်းတစ်ခုကို မခံစားသေးသမျှကာလအတွင်း ထိုယေဘုယျပြည်သူများသည် သမ္မတ၏နိုင်ငံခြားရေးရာ မူဝါဒအပေါ်တွင် စိတ်ဝင်စားမှုကို အနည်းငယ်မျှသာ ပြသလေ့ရှိကြသည်။

### (၂) အလေးထားပြည်သူ

Attentive Public ဟူသော စူးစိုက်မှု၊ စိတ်ဝင်စားမှုရှိသောလူများမှာ အမေရိကန်လူမျိုး လူနည်းစု ဖြစ်သည်။ ထိုသူများမှာ ပိုမိုကောင်းမွန်သော ပညာ

mgyoe.com

များကို တတ်ကြွေးကြော်ကြသူများဖြစ်ပြီး နိုင်ငံရေးနှင့်ပတ်သက်၍ စိတ်ဝင်စားမှုရှိသော သူများ ဖြစ်သည်။ အကျပ်အတည်းမတွေ့သည်ဖြစ်စေ၊ စစ်မဖြစ်သည်ဖြစ်စေ ထို လူနည်းစုမှာ အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးရာမူဝါဒများ၊ စီးပွားရေးရာမူဝါဒများ နှင့် အခြားမူဝါဒများကို ဂရုစိုက်လေ့လာပြီး ထောက်ပြပြောဆိုတတ်ကြသူများ ဖြစ် သည်။

(၃) မူဝါဒနှင့် အထက်တန်းလွှာ

အနည်းငယ်မျှသော လူနည်းစုဖြစ်ပြီး အမေရိကန်တွင် သြဇာကြီးမားကြသော သူများ ဖြစ်သည်။ ထိုလူများမှာ နိုင်ငံရေးတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ် ဝိုက်၍သော်လည်းကောင်း ပါဝင်လေ့ ရှိကြသူများဖြစ်ပြီး အချို့ ကွန်ဂရက်အမတ်များ လည်း ဖြစ်ကြသည်။ သမ္မတ၏ မူဝါဒများအားလုံးကို အသေအချာ လေ့လာကြ သူများဖြစ်ပြီး ထောက်ခံသင့်လျှင် ထောက်ခံ၍ ထောက်ပြသင့်လျှင် သြဇာကြီးမားစွာ ထောက်ပြလေ့ ရှိကြသူများဖြစ်သည်။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ Almond ၏ လေ့လာချက်အရ အချို့ သော နိုင်ငံသားများနှင့် ကောလိပ်ကျောင်းသားများမှာ လစ်ဗျားနှင့် အီရတ်နှစ်နိုင်ငံကို ကမ္ဘာ့မြေပုံပေါ်မှ ဖယ်ပစ်ရန်အထိ တောင်းဆိုခဲ့ကြဖူးကြောင်း တွေ့ရှိရသည်ဟုဆို သည်။ ယေဘုယျ ပြည်သူများမှာမူ နိုင်ငံခြားရေးမူဝါဒထက် ပြည်တွင်းရေးရာ လူမှုသက်သာချောင်ချိရေး ကိစ္စရပ်များကို ပို၍စိတ်ဝင်စားကြသည်။

ယေဘုယျပြည်သူများမှာပင် အုပ်စုများကွဲပြားကြပါသေးသည်။ လယ်သမား များမှာ ထုတ်လုပ်မှုဈေးနှုန်းနှင့်လည်းကောင်း၊ မော်တော်ယာဉ်လုပ်သားများမှာမူ သွင်းကုန်ဈေးနှုန်းနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသမီးများမှာ ကျား–မ တန်းတူ အခွင့်အရေး၊ လုပ်အားခနှုန်းထားများနှင့်ပတ်သက်၍လည်းကောင်း ပို၍ သီးသီး ခြားခြားသော စိတ်ဝင်စားမှု ရှိကြသည်ကို တွေ့ရသည်။

မဲပေးမှုမှုတသလား

ဒီမိုကရက်တစ်ကျင့်စဉ်၏ အစိတ်အပိုင်းတစ်ခုသည် ရွေးကောက်ပွဲများဖြစ်၍ ရွေးကောက်ပွဲအတွက် မဲပေးခြင်းသည် မလွဲမသွေ ဆောင်ရွက်ရမည့်ကိစ္စတစ်ခု ဖြစ် သည်။ မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ရာတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက် ကြသည်။ သတင်းစာများ၊ လက်ကမ်းကြော်ငြာများ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ စာစောင်များမှတစ်ဆင့် စည်းရုံးကြသကဲ့သို့ ဟောပြောပွဲများမှလည်း တစ်ဆင့်

mgyoe.com

mgyoe.com


စည်းရုံးကြသည်။

မူဝါဒ မှန်ကန်ကောင်းမွန်ခြင်းသည် အကြောင်းတစ်ပါးဖြစ်သလို ငွေကြေး သုံးစွဲနိုင်ခြင်း၊ အဟောအပြောကောင်းခြင်း၊ ကြော်ငြာကောင်းခြင်းများဖြင့်လည်း မဲပေးမည့်ပြည်သူများ၏အာရုံကို ဖမ်းစားနိုင်ပါသည်။ ပါတီနှစ်ခု မူလအခြေအနေက မတိမ်းမယိမ်းရှိနေကြသော်လည်း ထိုသို့ မဲဆွယ်စည်းရုံးစဉ် အင်အားကောင်းသည့် ပါတီသို့ လူတချို့၏ဆန္ဒများ ပြောင်းလဲသဘောကျတတ်သွားသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် လက်ရှိအခြေအနေအပေါ် အကြီးအကျယ် စိတ်ပျက်နေပါလျှင် လည်း ဆန့်ကျင်ဘက်အပေါ် ပုံအော၍ မဲပေးတတ်ကြသည်ကို တွေ့ရပြန်ပါသေး သည်။ Bush လက်ထက် အမေရိကန်ပြည်သူအများ အတော်ပင် စိတ်ပျက်နေကြ သောကြောင့် Obama ၏ ပြုပြင်ပြောင်းလဲရေးကြွေးကြော်သံက ပြည်သူအများစု၏ မဲကို ခပ်သာသာလေးဖြင့် ရယူသွားနိုင်ခဲ့ခြင်း ဖြစ်သည်။

လေ့လာသူများ၏ တွေ့ရှိချက်အရ ပါတီစွဲမကြီးသူ၊ သာမန်ပြည်သူများသည် အလွယ်တကူ ပြောင်းလဲမဲပေးနိုင်ကြကြောင်း တွေ့ရသည်။

## ရွေးကောက်ခံနှင့် ပုဂ္ဂလိကပါဝါ

ရွေးကောက်ခံတချို့ကိုကား မဲပေးခြင်းဖြင့် အနိုင်အရှုံးကို ဆုံးဖြတ်ကြရသည်။ မြန်မာ့အနာဂတ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှာ ပြည်သူများ အကျိုး မည်မျှသယ်ပိုးခဲ့သည်ဟူသော အတိတ်သမိုင်းမရှိခဲ့သေးသည်ဖြစ်၍ ပါတီစွဲ အတော်ပင် နည်းပါးပါလိမ့်မည်။

ပါတီကို အစွဲပြု၍ မဲပေးကြသလို လူပုဂ္ဂိုလ်၏အရည်အချင်း၊ ကြည်ညိုမှု အပေါ် အစွဲပြု၍လည်း မဲပေးကြပါလိမ့်မည်။ ရွေးကောက်ခံတို့သည် တစ်စုံတစ်ရာ သော ပါဝါဟူသည့် Personal Power ရှိရန် လိုအပ်ပါသည်။ တစ်ချိန်က ကနေဒီ သည် ပုဂ္ဂိုလ်ရေးအရ လူကြိုက်များခဲ့၍ မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည်။ မည် သည့်ပါတီဘက်က ဝင်၍ရွေးရွေး လူပုဂ္ဂိုလ်အပေါ် လူကြိုက်များခဲ့သူဖြစ်၍ သူပါဝင် သည့်ပါတီက အနိုင်ရမည်သာ ဖြစ်သည်။

အတိတ်၏ နှစ်ငါးဆယ်ခရီးတွင် နိုင်ငံရေးပါတီများ၏ ယဉ်ကျေးမှုနှင့် ရွေး ကောက်ပွဲများ၏ ယဉ်ကျေးမှုသည် အတော်ပင် ပြည်သူများနှင့် အဆက်ပြတ်ခဲ့သဖြင့် မကြာခင် ကျင်းပပေးမည့် ရွေးကောက်ပွဲတွင် ပါတီအစွဲပြု မဲရရှိမှုနှင့် လူပုဂ္ဂိုလ်အစွဲပြု မဲရရှိမှုသည် စတင်မိတ်ဆက်အဆင့်တွင်သာ ရှိနေပါဦးမည်။ လစ်ဘရယ်သမားများ နှင့် ကွန်ဆာဗေးတစ်သမားများ ကွဲကွဲပြားပြား စတင်ထွက်ပေါ်လာပါတော့မည်။

mgyoe.com

mgyoe.com


အသွင်ကူးပြောင်းမှုကာလကို မှန်ကန်ညင်သာစွာ ကျော်ဖြတ်နိုင်ရန်နှင့် မျှော်မှန်းကြသည့် နိုင်ငံရေးယဉ်ကျေးမှုကို ကောင်းမွန်စွာ မျိုးစေ့ချပေးနိုင်ကြရန် အရေးကြီးပါသည်။

❒

mgyoe.com

mgyoe.com

# ခြောက်လှန့်ခံမျက်နှာသစ် သူကြွယ်များ

23rd March 2010

ကမ္ဘာ့ လူလတ်တန်းစားများသည် ကျွန်ုပ်တို့ ထင်မှတ်ထားသည်ထက် ပိုမိုတည်ငြိမ်မှု မရှိသည့်အပြင် လွတ်လပ်မှုလည်း နည်းပါးသည်။

လူလတ်တန်းစားများသည် လူမှုအဖွဲ့အစည်းများအတွက် ကတုတ်ကျင်းနှင့် အမြဲတစေ တူညီနေပါသည်။ Aristotle က ဒီမိုကရေစီ၏ လက်နက်သည် လူမှုရေးတန်ဖိုးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ နိုင်ငံရေး အစွန်းရောက်ဝါဒီများအတွက် ခုံသမာဓိလည်းဖြစ်ကြောင်း၊ အကျိုးအကြောင်း ခိုင်လုံသည့်အချက်များကို အမိန့်ပြန်တမ်းများထုတ်၍ ကာကွယ်မှုပေးခြင်းနှင့် လူမှုအဖွဲ့အစည်းများကို အာဏာဖြင့် မအုပ်ချုပ်ဘဲ ဥပဒေဖြင့်သာ အုပ်ချုပ်ခြင်းဖြစ်ကြောင်း ဖွင့်ဆိုခဲ့သည်။

လူလတ်တန်းစားများသည် စီးပွားရေးဖွံ့ဖြိုးစေရန် မောင်းနှင်အားလည်းဖြစ်၏။ လွန်ခဲ့သော ရာစုနှစ်များစွာက ပေါ်ထွန်းခဲ့ပြီးဖြစ်သည့် အရင်းရှင်ဝါဒနှင့် ကမ္ဘာ့ကုန်သွယ်ရေးကို ပိုမိုကြီးမားလာစေရန် ဆောင်ရွက်ပေးသော လူတန်းစားလည်းဖြစ်၏။ ထို့ပြင် မျက်မှောက်ကာလ၌ မြင်တွေ့ရသော ပျော်ရွှင်မှု အသစ်အဆန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆက်လက်ရှင်သန်ရန် ဆောင်ရွက်ပေးနေသောသူများလည်းဖြစ်သည်။ ယခုအချိန်၌ အနောက်နိုင်ငံများရှိ လူလတ်တန်းစားများသည် အကြွေးနွံနစ်နေပြီး၊ သောကမီး တောက်လောင်လျက် ရှိနေကြသည်။ စီးပွားရေးပညာရှင်အများစုက ထိုလူလတ်တန်းစားများအတွက် ပေါ်ထွန်းလာသော ဈေးကွက်စီးပွားရေးသည် ကမ္ဘာတစ်ဝန်းလုံး လုံခြုံမှုနှင့် အောင်မြင်မှု အခွင့်အလမ်းများရရှိရေးအတွက် အဓိကကျသော အခြေခံအုတ်မြစ်တစ်ခုအဖြစ် မြင်နေကြသည်။ တရုတ်၊ ဘရာဇီး၊ ရုရှား၊ တူရကီ၊ အိန္ဒိယ၊ အင်ဒိုနီးရှားအစရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပိုမိုကြီးမား

mgyoe.com

mgyoe.com


သော အောင်မြင်မှုများကို ရရှိလာနေသည်။ ထိုနိုင်ငံများသည် ဝါရှင်တန် သို့မဟုတ် လန်ဒန်မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်များနှင့် ခပ်ဆင်ဆင်တူသွားမည်ဟု မှန်းဆရသည်။ ထိုနိုင်ငံများသည် သဘောထားကြီးခြင်း၊ ဒီမိုကရက်တစ်ဖြစ်ခြင်း၊ ဈေးကွက်ကို ခိုင်မာစေရန် ဆောင်ရွက်နိုင်ခြင်းများအပြင် အနောက်နိုင်ငံရှိ စားသုံးသူတို့၏ဝါဒကို အတုခိုးနိုင်ကြသော နိုင်ငံများလည်း ဖြစ်ကြသည်။ ထို့ပြင် နိုင်ငံရေးလွတ်လပ်ခွင့်လည်း ရှိပြီး ဥစ္စာစနနှင့် အချိန် လုံလောက်စွာရရှိလျှင် အနောက်နိုင်ငံပုံစံအတိုင်း ဖြစ်လာပါလိမ့်မည်။

မျက်မှောက်သတင်းများတွင်ပါရှိသော ဘရာဇီးနိုင်ငံရှိ လူလတ်တန်းစားများသည် လောဘကြီးသော နိုင်ငံခြားကုမ္ပဏီများ၏ ရေနံထုတ်လုပ်ရေး လုပ်ငန်းများကို အစိုးရက ထိန်းချုပ်လိုက်သည့်ကိစ္စအပေါ် ကောင်းချီးသြဘာ ပေးနေကြောင်း တွေ့ရသည်။ ထိုကဲ့သို့ပင် ရုရှားနိုင်ငံ၌ သက်ဦးဆံပိုင်စနစ်အတိုင်း အုပ်ချုပ်နေသည့် Vladimar Putin ကိုလည်း ရုရှား လူလတ်တန်းစားများ၏ (၇၈%) က ထောက်ခံနေကြသည်ကို တွေ့မြင်ရသည်မှာ မေးခွန်းထုတ်ဖွယ်ရာ ကောင်းနေသည်။ အင်ဒိုနီးရှား နိုင်ငံ၌လည်း လူလတ်တန်းစားများ၏ ပြောင်းလဲမှုကို မလိုလားဘဲ၊ အကျင့်စာရိတ္တ ပျက်ပြားစေသည့် အပြာရောင်စာအုပ်များနှင့် ရုပ်ရှင်များကို တားမြစ်သည့် အစ္စလာမ် ဝါဒစွဲရှိသူများ၏ ဥပဒေသစ်များနှင့် အစ္စလာမ်ထုံးစံအတိုင်း အစားအသောက်များ တင်းကျပ်စွာ ပြင်ဆင်သည့်ဥပဒေများ ထုတ်ပြန်ခြင်းကို ထောက်ခံခဲ့ကြပေသည်။ လူလတ်တန်းစားများက အနောက်နိုင်ငံယဉ်ကျေးမှုအား ဆန့်ကျင်ခြင်းကို အမျိုးသားရေးအမြင်ဖြင့် ကြည့်ရှုလေ့ရှိကြသည်။ တရုတ်နိုင်ငံ၌လည်း ချမ်းသာကြွယ်ဝလာသော လူများက မျိုးချစ်စိတ်ဓာတ်ကို ဖော်ဆောင်သည့် 'တရုတ်နိုင်ငံ၏ အိပ်မက်' (The China Dream)ကဲ့သို့သော စာအုပ်များ ဖန်တီးရေးသား၍ ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် အနာဂတ်ကာလ၌ အမေရိကန်ပြည်ထောင်စုနှင့် ဖြစ်ပွားနိုင်သော ပဋိပက္ခများအတွက် စစ်အင်အားတည်ဆောက်ရေးမှာ အရေးကြီးကြောင်း တိုက်တွန်းထားမှုများ ပါရှိသည်။

တကယ့်အမှန်တရားမှာ ထိုနိုင်ငံများသည် အနောက်နိုင်ငံပုံစံအတိုင်း ဖြစ်မလာနိုင်ခြင်း ဖြစ်၏။ ကမ္ဘာ့လူလတ်တန်းစားများသည် လူဦးရေအရလည်းကောင်း၊ ချမ်းသာကြွယ်ဝမှုများအရလည်းကောင်း မျှော်လင့်ထားသည်ထက် လျင်မြန်စွာ တိုးတက်လာနေကြသည်။ လွန်ခဲ့သော တစ်နှစ်တည်း၌ပင် လူလတ်တန်းစားများ၏ အရေအတွက်မှာ သန်း (၇၀) ခန့် တိုးပွားလာနေခြင်းနှင့် တစ်ဦးချင်းဝင်ငွေမှာလည်း တစ်နှစ်လျှင် ဒေါ်လာ (၆၀၀၀) မှ (၃၀၀၀၀) အထိ ရှိကြောင်း တွေ့နေရသည်။

mgyoe.com

mgyoe.com


Goldman Sachs ကုမ္ပဏီ၏ စီးပွားရေးအကြီးအကဲဖြစ်သော Jim O'Neil က လူလတ်တန်းစားများသည် 'ဆယ်စုနှစ်တစ်ခု၏ပုံပြင်'သဖွယ် ဖြစ်နေကြောင်း ခိုင်းနှိုင်း ပြောဆိုခဲ့သည်။ ထို့ပြင် နောင်နှစ် (၂၀)ခန့်၌ သူတို့၏ သုံးစွဲနိုင်မှုအခြေအနေမှာ အနောက်နိုင်ငံများကိုပင် ကျော်လွှားသွားနိုင်ကြောင်း ထောက်ပြခဲ့၏။ Morgan Stanley ကုမ္ပဏီ၏ အာရှဒေသဥက္ကဋ္ဌ Steven Roach ကလည်း နောင် (၅) နှစ်မှ (၁၀) နှစ်အတွင်း အာရှတိုက်ရှိ လူလတ်တန်းစားဈေးကွက်မှာ အသုံးအဖြုန်း ကြီးမားသော အမေရိကန်စားသုံးသူများ ကျန်ရစ်ခဲ့သည့်နေရာကို အစားထိုး ဝင် ရောက်လာမည်ဖြစ်ကြောင်း ယုံကြည်စွာ ပြောဆိုလျက်ရှိသည်။

ယခုအချိန်မတိုင်မီအထိ ပေါ်ထွက်လာသောဈေးကွက်များသည် အနောက် နိုင်ငံကုမ္ပဏီများ၏ ဘဏ္ဍာရေးရှင်းတမ်းကို အထောက်အကူပေးနိုင်ကြောင်း တွေ့နေရ သည်။ တရုတ်လူမျိုးများသည် ပြီးခဲ့သောနှစ်က အမေရိကန်လူမျိုးများထက် မော် တော်ယာဉ်များကို ပိုမိုဝယ်ယူခဲ့သည့်အပြင် အိန္ဒိယနိုင်ငံ၌ အင်တာနက်သုံးစွဲသူများ သည် အမေရိကန်၌ အင်တာနက် သုံးစွဲသူများနှင့် တန်းတူအရေအတွက်ရှိနေ ကြောင်း တွေ့ရ၏။ (၂၀၃၀) ခုနှစ်ရောက်လျှင် မိုဘိုင်းဖုန်း သုံးစွဲပိုင်ဆိုင်သူ (၁၀) ဦးတွင် (၉) ဦးမှာ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး တရုတ်နှင့် အိန္ဒိယက ဦးဆောင် သွားလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းချက်များ ထွက်ပေါ်နေသည်။ Coca-Cola ၏ စစ်တမ်းတစ်ခုတွင် ကမ္ဘာအနှံ့အပြားတွင် နောက် (၁၀) နှစ်အတွင်း ရရှိမည့်ဝင်ငွေမှာ $ (200 billion)ခန့် ရှိနိုင်ကြောင်း ဖော်ပြထားသည်။ ဤကဲ့သို့ ခန့်မှန်းရခြင်းမှာ (၂၀၂၀)ခုနှစ်၌ လူလတ်တန်းစားအရေအတွက်မှာ (၁) ဘီလီယံခန့် တိုးပွားလာနိုင် ခြင်းကြောင့်လည်း ဖြစ်သည်။

သို့သော်လည်း ဝင်ငွေများ တစ်နေရာတည်း၌ စုပုံနေခြင်းကြောင့် ရှယ်ယာ တန်ဖိုးများမှာ မထိခိုက်နိုင်ကြောင်း တွေ့ရသည်။ ဘူဇွာများ ပေါ်ထွက်လာခြင်းသည် လည်း အငြင်းပွားဖွယ်ရာ ကိစ္စများကို ဖြစ်ပေါ်စေသည်။ နိုင်ငံရေးအရ ကျယ်လောင် စွာ ပြောဆိုမှုများရှိနေသော်လည်း ထိပ်တိုက်တွေ့ဆုံမှုများမရှိပေ။ ကမ္ဘာ့မှုပြုခြင်းကိစ္စရပ် များကို ထောက်ခံသူများသည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူများ၊ သူတို့နိုင်ငံ၏ အဆင့်အတန်းမြင့်မားလာမှုအပေါ် ဂုဏ်ယူနေကြသော်လည်း ခေတ်နောက်ကျ ကျန်ရစ် မည်ကို စိုးရိမ်နေကြသူများလည်း ဖြစ်၏။ သူတို့သည် တစ်ဦးချင်းအနေဖြင့် ရက်စက်သော လူတန်းစားများဖြစ်သော်လည်း အစိုးရ၏ ကူညီထောက်ပံ့မှုများရရှိ ရေးကို မျှော်ကိုးနေကြသူများလည်း ဖြစ်သည်။ တစ်ခါတစ်ရံ၌ သူတို့သည် လူမှုရေး အရ ရှေးရိုးစွဲအယူအဆများကို လက်ခံကြသူများဖြစ်၏။ ရည်မှန်းချက်ကြီးကြီး

mgyoe.com

mgyoe.com


ထားသော အီလစ် (Elite) များသည် သက်ဦးဆံပိုင်စနစ်ဖြင့် အုပ်စိုးသော အစိုးရများ သို့မဟုတ် ရွေးကောက်ပွဲအရ ထွက်ပေါ်လာသော အစိုးရများ၏ ပါဝါရရှိရေးကို ဝင်ရောက်မစွက်ဖက်သော်လည်း သူတို့၏ အကျိုးစီးပွားထိခိုက်မည်ဆိုလျှင် လက်မခံနိုင်သော လူတန်းစားများလည်း ဖြစ်သည်။

တရုတ်နိုင်ငံကဲ့သို့ နိုင်ငံကိုထိန်းချုပ်၍ အမိန့်ပေးအုပ်ချုပ်နေသော အစိုးရများသည် အမေရိကန်လက်အောက်သို့ ဝင်ရောက်သွားသောနိုင်ငံများထက် ပိုမိုကောင်းမွန်စေရန် ကြိုးစားလုပ်ကိုင်လျက်ရှိသည်။ (၂၀၀၉) ခုနှစ်၌ ထုတ်ပြန်သည့် Pew အစီရင်ခံစာတွင် ကမ္ဘာ့လူလတ်တန်းစားများသည် ဒီမိုကရေစီကျင့်စဉ်တွင်ပါဝင်သော လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ယုံကြည်မှုရှိသော ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ထောက်ခံမှုပေးနေကြောင်း ဖော်ပြထားသည်။ သို့သော်လည်း Pew အစီရင်ခံစာကို ရေးသားသည့် ကျွမ်းကျင်ပညာရှင်များနှင့် အခြားပုဂ္ဂိုလ်များက တစ်ခါတစ်ရံ၌ လူလတ်တန်းစားများသည် အောင်မြင်မှုရရှိရေးအတွက် အနစ်နာခံတတ်သောလူများဖြစ်ကြောင်း ပြောဆိုထားပြန်သည်။

ဆင်းရဲတွင်းနက်နေမှုမှ ပုံစံသစ်ဖြင့် လွတ်မြောက်လာသောသူများကမူ နိုင်ငံရေးစွန့်စားမှုများကို လိုလားစွာ မလုပ်လိုကြောင်း တွေ့ရ၏။ ဘရာဇီးနှင့် ရုရှားနိုင်ငံ၌ လူလတ်တန်းစားများသည် လွတ်လပ်စွာပြောဆိုမှုထက် အစာတော်ပြတ်ခြင်းဒုက္ခမှ ကင်းလွတ်ရေးကိုသာ အာရုံစူးစိုက်နေသည့်အပြင် ဒီမိုကရေစီရရှိရေးအတွက် ဦးဆောင်နေသော အဖွဲ့အစည်းများကိုလည်း ယုံကြည်မှုမရှိကြကြောင်း တွေ့မြင်နေရ၏။ တရုတ်နိုင်ငံ၌လည်း စီးပွားရေးတိုးတက်လာမှုအပေါ် ခံစားခွင့်အနည်းငယ်သာ ရရှိကြသော လယ်သမားများကလည်း မြို့စွန်မြို့ဖျား၌ နေထိုင်ကြသော လူတန်းစားများထက် ဒီမိုကရေစီရရှိရေးကို ပိုမိုလိုလားကြပြီး တရုတ်ကွန်မြူနစ်ပါတီ တင်းပြည့်ပါတီဝင်အင်အား၏ (၇၅ %)ခန့်ရှိကြောင်း တွေ့ရသည်။ ဒီမိုကရေစီ ထွန်းကားသော နိုင်ငံများ၌လည်း လူလတ်တန်းစားများ ကိုယ်ကျိုးစီးပွားအောင်မြင်မှုမှာ အနောက်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလွန်ကွာခြားနေကြောင်း တွေ့နိုင်သည်။ တူရကီနှင့် အင်ဒိုနီးရှားနိုင်ငံများ၌လည်း မွတ်စလင်ဘာသာရေး ကိုင်းရှိုင်းသော လူလတ်တန်းစားများသည် လမ်းထွက်သည့်အချိန်၌ ခေါင်းစည်းဦးထုပ်များ ဆောင်းရမည်ကို ထောက်ခံကြသူများ ဖြစ်ကြသည်။

လွန်ခဲ့သော (၁၀) နှစ်ခန့်က အနောက်နိုင်ငံများ၏အယူအဆတွင် နိုင်ငံရေးလွတ်လပ်ခွင့်ရှိခြင်းသည် စီးပွားရေးလွတ်လပ်ခွင့် ရရှိရေးအတွက် အဓိကလိုအပ်ချက်တစ်ခုအဖြစ် သတ်မှတ်ခဲ့သော်လည်း အရှေ့ဘက်နိုင်ငံများအတွက်မူ ထိုအယူအဆ

mgyoe.com

mgyoe.com

ကို လက်သင့်မခံကြောင်း သိရှိလာကြသည်။ အနောက်နိုင်ငံများ၌ နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများက တဖြည်းဖြည်း ဆုတ်ယုတ်လာချိန်တွင် အရှေ့ဘက်နိုင်ငံများ၌ တည်ငြိမ်အေးချမ်းမှုနှင့် အခွင့်အလမ်းကောင်းများစွာ ထွက်ပေါ်လာနေသည်ကို တွေ့နေရ၏။ အရှေ့နှင့် အနောက်နိုင်ငံများ၏ ဆက်ဆံရေးမှာလည်း ထိခိုက်မှုများ ရှိလာရသည်။ ယနေ့ခေတ်၌ ရုရှားလူမျိုးအများစုသည် ဒီမိုကရေစီရရှိရေးထက် သန့်စွမ်းသောခေါင်းဆောင်ရရှိရေးကို ထောက်ခံနေကြသည်။ အကြောင်းမှာ ဆိုဗီယက်အင်ပါယာကြီး ပြိုကွဲပြီးချိန်မှစ၍ ရုရှားလူမျိုးတို့၏ လူနေမှုအဆင့်အတန်းမှာ တစ်ဟုန်ထိုး ကျဆင်းသွား၍ ဖြစ်သည်။ ရုရှားနိုင်ငံရှိ ခေတ်သစ်လူလတ်တန်းစားများသည် Vladimar Putin-Dmitry Medvedev တို့၏ အုပ်ချုပ်မှုပုံစံကို ပြည့်ဝစွာ ထောက်ခံပေးကြသည်။ ထိုသို့ ထောက်ခံရာ၌ သူတို့၏အကြောင်းပြချက်မှာ လူလတ်တန်းစားများအနေဖြင့် ဆုံးရှုံးမှုများ ပိုမိုမခံစားနိုင်သောကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ မော်စကိုမြို့ရှိ Carnegie ဌာနမှ Masha Lipman ကလည်း 'လူလတ်တန်းစားများသည် အခြားလူမှုအဖွဲ့အစည်းကဲ့သို့ Vladimar Putin ၏ ဖခင်ကဲ့သို့ အုပ်ချုပ်သောအစိုးရကို လက်ခံခြင်းမှာ နိုင်ငံရေးနှင့် မရောယှက်လို၍ ဖြစ်ကြောင်း' ဆိုသည်။

ထိုကဲ့သို့ပင် တရုတ်နိုင်ငံ၌လည်း (၁၉၈၉) Tiananmen ရင်ပြင် အဓိကရုဏ်း အတွင်းကစပြီး ရရှိခဲ့သော နိုင်ငံရေးလွတ်လပ်ခွင့်များ ဆုံးရှုံးသွားရသည်မှာ ယနေ့ အထိပင် ဖြစ်သည်။ ဒီမိုကရေစီသည် လွတ်လပ်ခွင့်ရရှိခြင်းကို ဖော်ဆောင်နေသော်လည်း ဝရုန်းသုန်းကားဖြစ်မှုမှာလည်း ပေါ်ပေါက်နိုင်သည်။ တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် ဘဏ္ဍာရေးအကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့် ပြင်ပအကူအညီမလိုအပ်ဘဲ နိုင်ငံထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြောင်း ထင်မှတ်နေကြသည်။

ကမ္ဘာ့လူလတ်တန်းစားအကြောင်းကို လေ့လာသူ Brooking သိပ္ပံဌာနမှ အထက်တန်းအရာရှိ Homi Kharas က 'အာရှအကျပ်အတည်းသည် အလှည့်အပြောင်းများကို ဖြစ်စေခဲ့ကြောင်း' ပြောခဲ့သည်။ ထိုနိုင်ငံများသည် သူတို့နည်းသူတို့ဟန်ဖြင့် အကျပ်အတည်းများမှ လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခြင်းသည် ကောင်းမွန်သောလုပ်ဆောင်ချက် ဖြစ်သည်။ ယခုအချိန်၌ သူတို့၏ ဆောင်ရွက်မှု ကောင်းခြင်းကြောင့် အသီးအပွင့်များကို ခံစားနေပြီလည်းဖြစ်သည်။ အနောက်နိုင်ငံများက ချမှတ်ထားသော ကမ္ဘာတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့် လွတ်လပ်စွာ ကုန်သွယ်ခွင့်နှင့် ဘဏ္ဍာရေးအခြေအနေများအပေါ် အခွင့်ကောင်းယူ၍ အောင်မြင်

mgyoe.com

mgyoe.com


စွာ ဆောင်ရွက်သွားခြင်း ဖြစ်သည်။

ရှေ့တန်းနေရာသို့ ရောက်ရှိလာသော ခေါင်းဆောင်သစ်များသည် အနောက်နိုင်ငံများမှ ဖန်တီးထားသောစနစ်ကြောင့် ကမ္ဘာအနှံ့အပြား၌ တစ်ရှိန်ထိုး တိုးတက်မှု ရရှိလာသည်ကို နားလည်သဘောပေါက်ထားပြီး ဖြစ်သည်။ သို့သော် လွန်ခဲ့သော (၁၈) လက Lehman Brothers ကုမ္ပဏီ ပြိုကွဲချိန်မှစ၍ ထိုခေါင်းဆောင်များ၏ နားလည်သဘောပေါက်ထားမှုများလည်း ဆုံးခန်းတိုင်သွားပြီ ဖြစ်၏။ ဈေးကွက်ပေါ်ထွန်းစနိုင်ငံများ၌ ထိခိုက်မှုအရှိန်အဟုန်မှာ အဓိကအချက်ဖြစ်ကြောင်း သိရှိသော ခေါင်းဆောင်များသည် အနောက်နိုင်ငံများက ချမှတ်ထားသောပုံစံများကို ကိုယ့်တိုင်းပြည်အခြေအနေကိုကြည့်၍ လိုက်လျောညီထွေရှိသောပုံစံကို ရွေးချယ်လုပ်ကိုင်လာကြသည်။

နိုင်ငံတော်က ထိန်းချုပ်ထားမှုများလေ စံနှုန်းများမှာလည်း လျော့ကျလာလေ ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံများထဲတွင် တရုတ်နှင့် ဘရာဇီးနိုင်ငံတို့မပါဝင်ကြောင်း တွေ့ရ၏။ ကြီးမားသော ဈေးကွက်တစ်ခုအဖြစ် ပေါ်ထွက်လာသော တောင်အာဖရိက၊ တူရကီနှင့် အခြားနိုင်ငံများသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် ကြိုးစားလာနေကြသည်။ ဥပမာအားဖြင့် 'တရုတ်နိုင်ငံ၌ ငယ်ရွယ်ပြီး ချမ်းသာသော မျိုးဆက်သစ်များသည် တလွဲဆံပင်ကောင်း၍ အန္တရာယ်များသောအလုပ်များကို စွန့်စားလုပ်ကိုင်ပြီး သူတို့၏အရည်အချင်းကို ပြသလိုနေကြကြောင်း'ကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ လွတ်လပ်သော အဖွဲ့အစည်းတစ်ခု၏ နိုင်ငံခြားရေးမူဝါဒရေးဆွဲသူ John Lee က ပြောကြားခဲ့သည်။ သူကပင် ဆက်လက်၍ ထိုမျိုးဆက်သစ်လူငယ်များသည် တရုတ်နိုင်ငံအတွက် အကျိုးကျေးဇူးများ ရရှိစေနိုင်သည့် ကုန်သွယ်ရေး၊ သဘာဝအရင်းအမြစ် တူးဖော်ရေးနှင့် နိုင်ငံခြားရေး မူဝါဒများ ချမှတ်သည့် နယ်ပယ်များကို ကာကွယ်ရေးအတွက် ပိုမိုကြိုးစားဆောင်ရွက်နေကြောင်း တွေ့ရသည်။

ဈေးကွက်ပေါ်ထွန်းစနိုင်ငံရှိ ဂုဏ်ရည်တူလူတန်းစားများနှင့် ကွဲပြားခြားနားမှုများ ပိုမိုတိုးပွားလာလျက်ရှိသည်မှာ သူတို့ကိုယ်သူတို့ သတ်မှတ်နေခြင်းသာ ဖြစ်၏။ Morgan Stanley Investment Management ၏ ဈေးကွက် ရှာဖွေဖော်ထုတ်ရေးခေါင်းဆောင် Ruchir Sharma သည် ခေတ်ဟောင်းက ပြိုင်ဆိုင်မှုပြင်းထန်သော ယှဉ်ပြိုင်ဘက်များသည် မျက်မှောက်ခေတ်၌ ယှဉ်ပြိုင်မှုအသစ်များ ကြုံတွေ့ရမည်ကို ယုံကြည်နေသူတစ်ဦး ဖြစ်သည်။ သူက ဥပမာပေးရာတွင် အိန္ဒိယနိုင်ငံသည် တစ်ချိန်က ရန်သူအဖြစ် သတ်မှတ်ထားသော ပါကစ္စတန်နိုင်ငံကို လျစ်လျူရှုထားပြီး တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာနေမှုကို စိုးရိမ်နေခြင်းမျိုး ဖြစ်သည်။ ထိုကဲ့သို့ပင်

mgyoe.com

mgyoe.com

တစ်ချိန်က အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံများ ဖြစ်ခဲ့ကြသည့် အိန္ဒိယနှင့် ရုရှားနိုင်ငံတို့၏ ဆက်ဆံရေးမှာ အေးခဲသွားပြီး ကိုယ့်နိုင်ငံ ဖွံ့ဖြိုးရေးကိုသာ ဇောက်ချလုပ်ကိုင်နေသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမျိုးမှာ လျော့နည်းသွားသည်။

လူလတ်တန်းစားအသစ်များသည် စိတ္တဗေဒနည်းအရပြောရလျှင် ဂုဏ်ပကာသနရှိသော မာနနှင့် လုံခြုံမှုမရှိခြင်းတို့ ပေါင်းစပ်ရာမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ဘရာဇီးနိုင်ငံ ခေတ်သစ်လူလတ်တန်းစားများ၏ (၃၀%) ခန့်သည် သူတို့၏ ဘ၀ရှင်သန်ရေးအတွက် တရားဝင်မဟုတ်သော ဈေးကွက်ကို မှီခိုနေရသည်။ ထိုဈေးကွက်၌ ရရှိနိုင်သော အခွင့်အလမ်းများမှာ ကန့်သတ်ချက်များရှိခြင်း ဖြစ်သည်။ လူလတ်တန်းစားအများစုသည် လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် ငွေကို ချေးငှားသုံးစွဲခဲ့ရသည်။ ထိုလူတန်းစားများ၏ (၃၅%) မှာ အလုပ်မရှိမည်ကို စိုးရိမ်နေရခြင်း၊ ဝင်ငွေ၌ ဆုံးရှုံးမှုရှိခြင်းနှင့် ဒေဝါလီခံသွားရနိုင်မည်ကို ကြောက်ရွံ့နေကြသည်။ သူတို့အတွက် ပုဂ္ဂလိကကျောင်းများ ပေါ်ထွက်လာသည်မှာ အကျိုးရှိသော်လည်း ပညာရေးအခြေအနေမှာ မရေရာမှုများနှင့် အတက်အကျရှိနေခြင်း၊ လူမှုအဖွဲ့အစည်းများနှင့် လိုက်လျောညီထွေ ဆက်ဆံရာ၌ လူလတ်တန်းစားများ သွားရာလမ်းကြောင်းမှာ မှေးမှိန်ပျောက်ကွယ်နေခြင်းများဖြင့် ကြုံတွေ့နေသည်။

ဘရာဇီးလူမျိုး နိုင်ငံရေးသိပ္ပံပညာရှင် Amaury de Souza က 'လူလတ်တန်းစားအသစ်များ ထွက်ပေါ်လာခြင်းသည် မည်သည့်အချိန်၌ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်မည်ကို မသိရှိသေးကြောင်း' ဖြင့် ပြောဆိုခဲ့သည်။ ခေတ်သစ် လူလတ်တန်းစားများ၏ မသေချာမရေရာသော အခြေအနေကြောင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးနိုင်မည့် အရည်အချင်းမရှိကြောင်းလည်း ပြောဆိုသွားခဲ့၏။ အမှန်တကယ်၌လည်း တိုးတက်မှုအယူအဆရှိသော စီးပွားရေးပညာရှင်အချို့က လူမှုရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအတွက် ဆင်းရဲသားအများစုမှာ အဓိကကျသော အင်အားစုကြီးဖြစ်ကြောင်း ငြင်းချက်ထုတ်ခဲ့ကြသည်။ တရုတ်နိုင်ငံ၌ လယ်ယာမြေပြန်လည်ပြုပြင်ရေးကိစ္စ ဆောင်ရွက်ရာ၌ လယ်သမားခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် လူလတ်တန်းစားများ၏ အခန်းကဏ္ဍထက် ပိုမိုကြီးမားခဲ့ကြောင်း မြင်တွေ့နိုင်သည်။

ခေတ်သစ် လူလတ်တန်းစားများသည် သွေးထိုးလှုံ့ဆော်မှုများကို ဖန်တီးပေးသူများဖြစ်ကြပြီး လက်ရှိအခြေအနေဖြင့် လိုက်လျောညီထွေဖြစ်အောင် မနေတတ်သူများ ဖြစ်ကြသည်။ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သုံးစွဲသူ လူတန်းစားသစ်များသည် ကြီးမားသော စွမ်းအင်ပုံစံသစ်များဖြင့် လိုက်လျောညီထွေဖြစ်အောင် မနေတတ်သူများ

mgyoe.com

mgyoe.com


ဖြစ်ကြသည်။ ကမ္ဘာ့ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သုံးစွဲသူလူတန်းစားသစ်များသည် ကြီးမားသော စွမ်းအင်ပိုစံသစ်များဖြင့် ငွေကို အလုံးအရင်းဖြင့် သုံးစွဲလျက်ရှိကြသည်။ သို့သော် သူတို့၏ အရည်အချင်းဖြင့် ပိုမိုကောင်းမွန်သော အစိုးရ၊ ပိုမိုကြီးမားသည့် လွတ်လပ်မှု၊ အကျင့်ပျက် ခြစားမှုများ ယုတ်လျော့သွားစေခြင်းများ မပြုလုပ်နိုင်သည့်အပြင် စီးပွားရေးလွတ်လပ်မှုများမှာလည်း မသေချာ မရေရာမှုများဖြင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ထိုလူလတ်တန်းစားအသစ်များသည် အနောက်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် အလွန်ဝေးကွာသော ခရီးလမ်းတစ်ခုကို ဖြတ်ကျော်ရန် လိုအပ်နေပေသေးသည်။

❒

mgyoe.com

mgyoe.com

# မတည်မြဲတဲ့အပြောင်းအလဲ

7th April 2010

သည်တစ်ခါ မန္တလေးကို အတော်နဲ့ မရောက်ဖြစ်ခဲ့။ (၂၀၀၉) ခုနှစ်၊ ဇွန်လက တစ်ကြိမ်၊ စက်တင်ဘာလက တစ်ကြိမ် ဟောပြောပွဲဖိတ်လို့ ရောက်ခဲ့ပြီး၊ ခုနစ်လ ကြာမှ တတိယအကြိမ် ပြန်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ နိစ္စဓူဝအလုပ်တွေကလည်း ရှိနေတော့ ရန်ကုန်က မလွဲသာမှ ခရီးထွက်တတ်တာ ဘမောင်ရဲ့သဘာဝပါ။ မန္တလေး လူထုက ပထမတော့ ဘမောင်ကို အားနာနေတာ သတိထားမိတယ်၊ တစ်ခေါက်လာ ရင် ဟောပြောပွဲတစ်ခုပဲလုပ်ဖို့ စီစဉ်ကြပါတယ်၊ တခြား ပြည်တွင်းနဲ့ ပြည်ပခရီးတွေ ကလည်း ကြိုကြားကြိုကြားရှိနေတတ်တာမို့ အားမနာဘဲ ခပ်ကြမ်းကြမ်းခိုင်းဖို့ ဘမောင်က ပွင့်လင်းထားရတယ်၊ ခရီးတစ်ခေါက်ဆိုတစ်ခေါက် အကျိုးရှိကြ အောင်လို့ပါ။ ဆိုလိုတာကမန္တလေးကို တစ်ခါလာရင် ဘယ်နှစ်ပွဲဖြစ်ဖြစ် ပြောပေး ပါ့မယ်ပေါ့။

ဟောပြောပွဲ တစ်ခါလုပ်တယ်ဆိုတာ လွယ်တဲ့အရာ မဟုတ်ပါဘူး။ မန္တလေး "Swan" ဟိုတယ်ကို ငှားရတာကိုက ဒေါ်လာသုံးရာလား မသိဘူး၊ အချိန်ပိုက တစ်နာရီ ဒေါ်လာ (၁၀၀)။ ဘမောင်အတွက် လေယာဉ်ခအသွားအပြန်၊ ဟိုတယ် တည်းခ၊ ကျွေးမွေးစရိတ်တွေနဲ့ အားလုံးစုစုပေါင်းလိုက်ရင် ဟောပြောပွဲတစ်ခါလုပ်ရင် ဆယ့်လေးငါးသိန်းလောက် အနည်းဆုံးကုန်ကျမယ်လို့ ထင်ရတာပဲ။ ခရီးတစ်ခေါက် အတွက် အဲဒီကုန်ကျငွေကို ထပ်ချုံ့လို့မရဘူးဆိုတော့ ဟောပြောပွဲ နှစ်ပွဲ၊ သုံးပွဲ လုပ်လိုက်ရင် ပိုပြီးခရီးရောက်မလားလို့ ဘမောင်က စဉ်းစားမိလိုက်တယ်။ သူတို့ ကျတော့ ဘမောင်ကို ပင်ပန်းမှာစိုးလို့ အားနာကြတယ်။ ဘမောင်ကတော့ ပင်ပန်းတာက ကိုယ့်အတွက် သိပ်ပြီး အဆန်းတကြယ်မရှိလှတာမို့ သူတို့ အကျိုး

mgyoe.com

mgyee.com

တစ်စုံတစ်ရာရှိအောင်ပဲ ဦးစားပေး စဉ်းစားကြည့်ပေးလိုက်ပါတယ်။

ဘမောင်တို့ ကိုယ့်အတတ်နဲ့ ကိုယ်စူးသွားတယ်၊ ပြီးခဲ့တဲ့တစ်ခေါက်က မန္တလေး နှစ်ညအိပ်မှာ သုံးပွဲကြိတ်လိုက်ရတယ်။ သည်တစ်ခေါက် တစ်ညအိပ်မှာ (၂) ပွဲ ကြိတ်ရတယ်၊ ဒါတောင်မှ မုံရွာမှာ သွားပြောပေးဖို့ ခွင့်ပြုချက်တင်တာ နောက်ကျသွားတာနဲ့ မသွားလိုက်ရလို့။ ဒုတိယနေ့ ပြောပြီး ခပ်မြန်မြန်၊ ကမန်းကတန်း ထမင်းစားပြီး လေဆိပ်ပြေးဆင်းလိုက်ရတာ အချိန်မီလေးပဲ။

× × × ××

မျိုးဆက်သစ်တွေအတွက် တစ်စုံတစ်ရာ အကျိုးရှိမလားဆိုပြီး 'မျှဝေ' ပေးတဲ့အလုပ်ကို စိတ်ရှိလို့သာ လုပ်နေရတယ်၊ တကယ်တော့ သိပ်ချောင်လှတာ တော့မဟုတ်ဘူး၊ ကိုယ်ပြောချင်တာတွေ အစီအစဉ်တကျရှိဖို့နဲ့ တချို့ပုံတွေကို ကွန်ပျူတာ power point မှာ "Slide လုပ်ရတယ်၊ အဲဒီအလုပ်ကို ဘမောင်ရဲ့ ရုံးအဖွဲ့ကို ခိုင်းလို့ရတာမဟုတ်ဘူး၊ ရုံးအဖွဲ့က သူတို့နဲ့ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေသာ လုပ်တတ်ကြတာ၊ ဘယ်အကြောင်းအရာတွေကို ပြောမလဲ၊ ဘယ်ဟာတွေက စိတ်ဝင်စားဖို့ကောင်းမလဲ၊ ဘယ်လိုချိတ်ဆက်ပြီး ပြောမလဲ၊ ပြီးတော့ လှုပ်ရှားရုပ်ပုံ (Animation) တွေ ထည့်ရသေးတယ်။

ပွဲမှာ တကယ်ပြောတာက (၃) နာရီလောက်ပဲ ကြာပါတယ်၊ အဲဒီသုံးနာရီလောက်ပြောဖို့ကို အကြောင်းအရာတွေစုစည်းပြီး Slide ပြင်ရတာ၊ Animation လုပ်ရတာတွေက လေးငါးရက်လောက် ကြာတယ်၊ သူ့ချည်းပဲ တစ်ရက်လုံး ထိုင်လုပ်နေတာတော့ မဟုတ်ဘူးပေါ့၊ ကိုယ့်လုပ်ငန်းတွေလုပ်လိုက်၊ အားတဲ့အခါ အဲဒီဟောပြောပွဲအတွက် လုပ်လိုက်နဲ့ပေါ့။ ပြီးတော့ အစ–အဆုံး နှစ်ခေါက်လောက် ပြန်ကြည့်ရသေးတယ်၊ စာလုံးပေါင်းတွေ မှားနေသေးလား၊ အထားအသိုတွေ လွဲနေသလား၊ ပြီးတော့ အစွန်းထွက်တာတွေ ရှိနေသေးသလားဆိုတာ။

တစ်ခုကောင်းတာတော့ ရှိတယ်၊ ကိုယ်လည်း ပိုပြီးလေ့လာဖြစ်သွားတယ်၊ အင်တာနက် ပိုဝင်ဖြစ်သလို ဆိုင်ရာစာအုပ်တွေလည်း ပိုဖတ်ဖြစ်သွားတယ်။ သူတို့ကို ပေးဖို့ ရည်ရွယ်ပေမယ့် ... ကိုယ်လည်း ပြန်ရတာတွေ ရှိလာပါတယ်၊ ဘမောင် ယုံကြည်လို့ရေးဖူးတဲ့ 'လောကကြီးရဲ့ အပေး–အယူ'ဆိုတဲ့ အယူအဆက ပိုထင်ရှားလာတယ်။ ဘာပဲပြောပြောပေါ့လေ၊ ကိုယ့်ခေတ်တုန်းက မရနိုင်ခဲ့တဲ့ အသိအမြင်တွေကို သူတို့လေးတွေအတွက် တစ်စုံတစ်ရာ လုပ်ပေးနိုင်တဲ့အတွက်ကြောင့်တော့ ဝမ်းသာရပါတယ်၊ စိတ်ချမ်းသာရပါတယ်၊ ပီတိဖြစ်ရပါတယ်။ ပင်ပန်းတာတွေ

mgyee.com

mgyoe.com


ပျောက်သွားပြီး ကိုယ့်ကိုယ်ကိုလည်း ကျေနပ်မိတယ်။

ဘမောင်တို့ စက်မှုကျောင်းသားဘဝတုန်းက နိုင်ငံခြားသားဆရာတချို့ကို နည်းနည်းအမြီးခပ်ပြီး မီလိုက်ဖူးတယ်။ ကျောင်းကြီးရဲ့ စာကြည့်တိုက်ထဲမှာ စာအုပ်တွေတော့ရှိပါရဲ့။ ဒါပေမဲ့ ခေတ်မီစာအုပ်တွေတော့ မဟုတ်တော့ဘူး၊ နောက် ခေတ်အမီဆုံး စာအုပ်ဆိုရင်တောင် လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်လောက်က စာအုပ်တွေ၊ အဲဒီလို ခေတ်မမီတော့တဲ့ စာတွေဖတ်ပြီး ဖြစ်လာကြတဲ့ အင်ဂျင်နီယာတွေ၊ ဗိသုကာတွေဘဝပါ။ သည်နေ့ခေတ်က အင်တာနက်ခေတ်၊ ဘယ်လောက်မြန်သလဲဆိုတာ၊ ဘမောင်တို့ခေတ်ကနဲ့ နှိုင်းယှဉ်ကြည့်လို့ရတယ်။ ဘမောင် MBA တက်ပြီး ခြောက်လလောက်ကြာတဲ့အခါမှာ ဘာသာရပ်တချို့က အကြောင်းအရာတွေ စပြီး ပြောင်းနေတာ တွေ့ရတယ်။ ပြောချင်တာက သူတို့ဆီမှာ အချိန်နဲ့အမျှ ပြောင်းနေတယ်ဆိုတာပဲ။ လေး၊ ငါး၊ ခြောက်လအတွင်း အသစ်အသစ်တွေ နေရာယူလာနေတယ်ဆိုတာပဲ။ ဘမောင်တို့ ကျောင်းသားဘဝမှာ အနည်းဆုံး (၁၀) နှစ်စာလောက် နောက်ကျတဲ့စာအုပ်ကိုသာ ကိုးကားနေရတာနဲ့ ယှဉ်ကြည့်ရင် ဘယ်လောက် နောက်ကျနေပြီဆိုတာ အလွယ်တကူ မြင်နိုင်ပြီပေါ့။

အဲဒီလို ကိုယ့်ခေတ်တုန်းက မရခဲ့၊ လက်လှမ်းမမီခဲ့တာတွေတို့၊ ကိုယ်ချင်းစာပြီးရတတ်သမျှ အချိန်လေးကို ခြစ်ကုတ်ပြီး ပညာရပ်နဲ့အသိအမြင်တွေကို ကြိုးစားပြီး မျှဝေနေတာပါ။ အဲဒီလို မျှဝေနိုင်ဖို့ဆိုတာ တကယ်တော့ လွယ်လှတဲ့အရာတော့ မဟုတ်ဘူး။ စားဝတ်နေရေး လုံးပန်းနေရရင် အဲဒီအလုပ်မျိုး မလုပ်နိုင်ဘူး။ စီမံခန့်ခွဲမှု အခြေခံရှိမထားရင်လည်း မျှဝေဖို့ဆိုတာ မဖြစ်နိုင်ပြန်ဘူး၊ အဲဒီနှစ်ချက်ပြည့်စုံရင်တောင်မှ စေတနာမရှိရင် မလုပ်နိုင်ဘူး၊ ငွေကြေးအားဖြင့် ဘာမှပြန်ရတာမှ မဟုတ်တာကို။

လူငယ်တချို့ဆိုရင် အခြေခံ အတော်ကောင်းပြီးသား၊ တော်တော်လေး သိပြီးသား၊ သူတို့အတွက်ကျတော့ ဟိုး ... ပဝေသဏီက စီမံခန့်ခွဲမှုတွေကို ပြောလို့မရတော့ပြန်ဘူး၊ သူတို့အတွက် အမြဲခေတ်မီနေတဲ့ အသစ်အဆန်းတစ်ခုခုကို ထည့်ပြောနိုင်ဖို့ ရှာဖွေရပြန်တယ်၊ ပရိသတ်ထဲမှာ ပညာရပ်နဲ့ဖြစ်ဖြစ်၊ အတွေးအခေါ်အယူအဆတစ်ရပ်နဲ့ဖြစ်ဖြစ် အခြေခံလောက်ရှိကြတဲ့သူတွေက အများစု၊ ခေတ်မီမီသိထားကြတဲ့သူတွေလည်း ပါနေပြန်တယ်။ အဲဒီလို လူတန်းစားနှစ်မျိုးအတွက် မျှဝေပြီးပြောနိုင်ဖို့ ပြင်ဆင်ရတာမျိုး ဖြစ်ပါတယ်။

× × × × ×

mgyoe.com

mgyoe.com


ဘမောင်က 'ခေါင်းဆောင်မှု' နဲ့ပတ်သက်ပြီး ပြောဖြစ်၊ ရေးဖြစ်တာ များတယ်၊ ပြောတိုင်း၊ ရေးတိုင်းလည်း 'မွဲပြာပုဆိုး' မဖြစ်ချင်ဘူး၊ အဲဒီတော့ စာအုပ်တွေမှာရတယ်၊ အင်တာနက်ထဲ ဝင်မွှေရတယ်၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ ဘာသာရေးစတဲ့ ခေါင်းဆောင်တွေရဲ့စာအုပ်တွေ ဖတ်ရတယ်။ သူတို့အယူအဆ၊ ဒဿနတွေနဲ့ ဘာကြောင့် ခေါင်းဆောင်ဖြစ်လာကြရတယ်၊ ဘယ်အရည်အချင်းတွေ ရှိကြရတယ် ဆိုတာမျိုးကို ပြန်ပြီးထုတ်နုတ်ရပြန်ပါတယ်။ တစ်ခါတလေ အကြောင်းအရာလေး တစ်ခုရဖို့ အချိန်တွေအများကြီး ပေးလိုက်ရတတ်ပါတယ်။ တစ်ခါတစ်ခါကျတော့ လည်း စီးပွားရေးက တစ်ဖက်နဲ့ဆိုတော့ စိတ်တော့ သိပ်မရှည်ချင်တော့ဘူး၊ အချိန် ပေးရတာများလို့၊ ဒါပေမဲ့လည်း အဲဒီလိုလုပ်နေရတာ ကိုယ့်တစ်ယောက်အတွက် မဟုတ်ဘူး၊ အများအတွက်၊ မျိုးဆက်သစ်တွေအတွက်ပဲလေ ... ဆိုပြီး ပြန် သတိရတဲ့အခါ ... ပြန်ပြီး စိတ်ရှည်သွားပါတယ်၊ ပြန်ပြီး လုပ်ဖြစ်သွားပါတယ်၊ သည်လိုနဲ့ပဲ မအားတဲ့ကြားထဲက ဒုတိယအကြိမ် စာပြန်ရေးဖြစ်တာ (၁၂) နှစ်ကျော် သွားခဲ့တယ်၊ ဟောပြောပွဲတွေလုပ်ဖြစ်တာ ခုနစ်နှစ်၊ ရှစ်နှစ်လောက် ရှိသွားပြီလား မသိတော့ဘူး။

သည်တစ်ခေါက် မန္တလေးစပွန်ဆာအတွက် စီစဉ်ပေးသူက Tip Top Education က ကိုဇော်မင်းထွန်း၊ သူကလည်း စက်မှုတက္ကသိုလ်ကျောင်းဆင်းပဲ။ အစီအစဉ်အရ ပထမရက်အတွက် မန္တလေး Swan Hotel မှာ တစ်ပွဲ၊ ဒုတိယ ရက်မှာ မုံရွာမှာတစ်ပွဲနဲ့၊ တတိယရက်မှာ မန္တလေးပြန်လာပြီး ကွန်ပျူတာလုပ်ငန်း ရှင်များအသင်းမှာတစ်ပွဲ၊ စုစုပေါင်း သုံးရက် သုံးပွဲ၊ အနားနီးတော့ မုံရွာပွဲအတွက် ပွဲမိန့်တင်တာနောက်ကျသွားလို့ဆိုပြီး ဖျက်လိုက်တာနဲ့ (၂) ပွဲပဲ ဖြစ်သွားတယ်။ ကောင်းတဲ့ဘက်က လှည့်တွေးကြည့်ရင်တော့ ဘမောင်တို့ သက်သာသွားတယ်ပေါ့၊ သုံးရက်သုံးပွဲဆိုတာ မများပေမဲ့ နည်းတော့မနည်းဘူး၊ အရွယ်ကလေးက မရချင်– ရချင်ဆိုတော့ နည်းနည်းတော့ပန်းမယ်ဆိုတာ သိထားရမယ်။

အခု နှစ်ပွဲ၊ နှစ်ရက်တောင်မှ တော်တော်လေး တွန်းလိုက်ရတယ်။ လေဆိပ်က ဟိုတယ်ကို တစ်နာရီလောက် ကားမောင်းရတယ်၊ ဘမောင်ကို စေတနာထားပြီး အနာဂတ်အဟောတွေထုတ်ပေး၊ ပြီးတော့ အမြဲလည်းမှန်နေတတ်တဲ့ နန်းရှေ့၊ အနှိပ် တော်ရပ်ကွက်၊ ရန်ကင်းလမ်းက နက္ခတ်ဆရာ ဒေါက်တာဇော်ဝိတ်ကို၊ သူ့ဟောချက် တွေအတွက် ဂုဏ်ပြုတဲ့အနေနဲ့ Laptop ကွန်ပျူတာကို ပြေးပို့ပေးရသေးတယ်၊ ဆရာက ပညာသဗ္ဗာရင့်နေတာတောင် သုတေသနတွေ ဆက်လုပ်နေတုံးပဲ၊ တစ်ခု အားကိုးနဲ့မဟောဘူး၊ ပညာစုံနဲ့ချိန်ပြီးဟောတယ်၊ ချမ်းသာမယ်လို့မပြောဘူး၊

mgyoe.com

mgyoe.com


ဘယ်လောက်ချမ်းသာမယ်လို့ ဟောနိုင်တာကိုကြည့်ရင် သူ့အစွမ်းနဲ့ပညာကို ခန့်မှန်းလို့ရတယ်။ ဘမောင်ရဲ့အမေ လေဖြတ်တာ၊ ပါရဂူဘွဲ့နောက်တစ်ခုနဲ့ စီးပွားရေးအခြေနေတိုးတက်မှုအပါအဝင် အချက်တော်တော်များများကို မနှစ်–နှစ်လယ်လောက်က ဟောကိန်းထုတ်တော့ ဘမောင် မယုံခဲ့လိုက်ဘူး၊ ပိုအံ့သြဖို့ကောင်းတာက ဘမောင်အနေနဲ့ လုံးဝလုပ်ဖြစ်မှာ မဟုတ်ဘူးလို့ထင်ထားတဲ့ အလုပ်တစ်ခုကို ထဲထဲဝင်ဝင် လုပ်ဖြစ်သွားမယ်ဆိုတဲ့ အဟောပဲ၊ ရာနှုန်းပြည့်နီးလောက်အောင် မှန်တာ (၈)လအတွင်း ဘမောင်တွေ့လိုက်ရတယ်။ ဆရာနဲ့စကားပြောချိန် ကောင်းကောင်းမရလိုက်ဘူး၊ ဟိုတယ်ပြန်၊ ထမင်းစားပြီး ခန်းမထဲအပြေးဝင်။

ခန်းမထဲရောက်တော့ ပရိသတ်တွေက အပြည့်ဖြစ်နေပြီ။ နောက်ခံကားကို ကြည့်လိုက်တော့ စပွန်ဆာပေးတဲ့သူက ငါးဦး၊ တစ်ဦးက ပုဂ္ဂလိက ကျောင်းတစ်ကျောင်းရဲ့ ကျောင်းအုပ်၊ သူက အမှာစကားပြောတယ်၊ နောက်တစ်ဦးကလည်း ပုဂ္ဂလိကကျောင်းတစ်ကျောင်းရဲ့ပိုင်ရှင်၊ သူကတော့ ဘမောင်အကြောင်း မိတ်ဆက်ပြောပေးတယ်၊ တကယ်ဆိုရင်တော့ မန္တလေးသူ၊ မန္တလေးသားတွေနဲ့ ဘမောင်က သိပ်ပြီးစိမ်းလှတယ်တော့ မဟုတ်တော့ပါဘူး။ ဒါပေမဲ့ ဟောပြောပွဲတွေရဲ့ ထုံးစံအတိုင်း မှုမပျက်လုပ်ကြတာလောက်ပါပဲ။

အဲဒီနေ့က (၄–၄–၂၀၁၀)။

ဘမောင်ပြောတဲ့ခေါင်းစဉ်က Post 2010 ။

မြန်မာလိုဆိုရင်တော့ '၂၀၁၀–အလွန်' ပေါ့။ အဲဒီခေါင်းစဉ်နဲ့ ဘဏ်ကြီးတစ်ဘဏ်ကဖိတ်လို့ (၂၀၀၉) နှစ်ကုန်ပိုင်းလောက်က ပြောပေးဖူးတယ်၊ နောက် လုပ်ငန်းရှင်ကြီးတွေ အယောက် (၂၀) လောက် စုစည်းခဲ့မိတုန်းကလည်း ပြောဖြစ်ခဲ့ဖူးတယ်။ TipTop က စီစဉ်တဲ့ ရန်ကုန်ပွဲမှာလည်း အဲဒီခေါင်းစဉ်နဲ့ ပြောဖူးသေးတယ်။ အခုအကြိမ်က စတုတ္ထမြောက်အကြိမ်၊ ဒါပေမယ့် တစ်ကြိမ်နဲ့ တစ်ကြိမ်စီမှာတော့ အားလုံး တစ်ထပ်တည်းမပြောခဲ့ပါဘူး၊ ပရိသတ်အပေါ်မူတည်ပြီး တစ်ဝက်လောက် ပြင်ပြင်ပြီး ပြောသွားဖြစ်ခဲ့ပါတယ်။

အကြမ်းဖျင်း ခြုံပြီးပြောရရင်တော့ (၂၀၁၀) အလွန်မှာ ဘာဖြစ်မလဲပေါ့။

ဘမောင်က အဲဒီကာလအလွန် ဖြစ်လာမယ့် စီးပွားရေးဝန်းကျင်နဲ့ နိုင်ငံရေးဝန်းကျင်ကို ခပ်ကြမ်းကြမ်းထုဆစ်ပြီး ပြောလိုက်ပါတယ်။ စီးပွားရေးနဲ့ နိုင်ငံရေးကလည်း ခွဲခြားမရဘူး ဖြစ်နေတယ်၊ တစ်ခုနဲ့တစ်ခုက အလုံးစုံမဟုတ်တာတောင် တော်တော်များများ ပတ်သက်ဆက်စပ်နေတယ်လေ ... ။ ဘမောင်တို့ရဲ့ စီးပွားရေး လုပ်ထုံးလုပ်နည်း ယဉ်ကျေးမှုတွေ ပြောင်းပစ်ရတော့မယ်၊ မိရိုးဖလာပုံစံနဲ့ လုပ်လို့

mgyoe.com

mgyoe.com


မရတော့ဘူး၊ ယှဉ်ပြိုင်နိုင်မှုတွေ မြင့်လာမယ်၊ အရည်အသွေးကောင်းတွေကို တကယ် ဖြည့်ဆည်းရတော့မယ်၊ အခွင့်အလမ်းအခြေခံ စီးပွားရေးဝန်းကျင်ကနေ ယှဉ်ပြိုင်မှု အခြေခံ၊ ပညာအခြေခံ စီးပွားရေးဝန်းကျင်ကို တဖြည်းဖြည်း ပြောင်းသွားလိမ့်မယ် ဆိုတာတွေပေါ့။ အရည်အသွေးနိမ့်၊ ယှဉ်ပြိုင်မှု စွမ်းရည်နိမ့်တဲ့ ကုမ္ပဏီတွေ တော်တော် များများ ပျောက်သွားပါလိမ့်မယ်။

အပြောင်းအလဲတစ်ခုမှာ အခွင့်အလမ်းချည်းပဲ သက်သက် လာလေ့မရှိဘူး၊ ကပ်ရက်မှာပါလာမှာက စိန်ခေါ်မှုပဲ။ အခွင့်အလမ်းးကို လိုချင်ရင်၊ စိန်ခေါ်မှုကို ရင်ဆိုင် ရလိမ့်မယ်၊ သူ့သမီးလိုချင်ရင်၊ ယောက္ခမကို တည့်အောင်ပေါင်းရသလိုမျိုး ဖြစ်မလား မသိဘူး၊ သမီးချည်းပဲ ဘယ်တော့မှ ရလိမ့်မယ်တော့ မျှော်လင့်လို့မရဘူး။

နိုင်ငံရေးအခြေအနေလည်း ပြောဖြစ်ခဲ့ပါတယ်။ ဒီမိုကရေစီကျင့်စဉ် တချို့တစ်ဝက် ရမယ်ပေါ့၊ Semi-democracy လို့ ပြောကြတယ်၊ အရေးကြီးတာက တစ်ကျပ်ဖိုးမဟုတ်ရင်တောင် ပြားနှစ်ဆယ်ဖိုး၊ ပြားသုံးဆယ်ဖိုးလောက်က စသင့်ကြ တယ်၊ ငါးပြား၊ ဆယ်ပြားဖိုးလောက် အရောနဲ့ဆိုရင် ဘက်ဂီယာ ထိုးသွားတတ်တဲ့ သဘောရှိလို့။ နောက် ပြောပြဖြစ်တာတစ်ခုက "Political end is not winning election ဆိုတာပဲ။ ရွေးကောက်ပွဲ အနိုင်ရခြင်းက နိုင်ငံရေးရည်မှန်းချက် မဟုတ်ဘူး ဆိုတာ၊ နိုင်ငံရေးရည်မှန်းချက်ဆိုတာက ပြည်သူကို ကိုယ်စားပြုဖို့၊ ပြည်သူကို အလုပ် အကျွေးပြုဖို့ဆိုတာ၊ သည်နေ့ အနောက်နိုင်ငံတွေမှာတောင် တက်လာတဲ့အစိုးရ တွေက ရွေးကောက်ပွဲမတိုင်ခင်က ကတိတွေပေးပြီး အစိုးရဖွဲ့ဖြစ်တဲ့အခါ အဲဒီကတိ တွေကို မေ့တတ်ကြလွန်းလို့ ပြည်သူတွေက နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုတွေတောင် လျော့ပါးလာကြနေပြီ။

ဘမောင် ဆွေးနွေးတာပြီးတော့ ပြန်လှန်မေးတဲ့ "Q&A" ကဏ္ဍ ရောက်လာ တယ်၊ သည်တစ်ခေါက် သိပ်မမေးကြတော့တာ သတိထားမိတယ်၊ သကြ်န်နီးလို့ စိတ်ဝင်စားမှုလျော့ကြတာလား၊ ဒါမှမဟုတ် တခြားအကြောင်းရှိလို့လား၊ ဒါမှမဟုတ် ဘမောင် ဆွေးနွေးမှုကပဲ အတော်လေး ချာတူးလန်သွားလို့လား ... တစ်ခုခုတော့... တစ်ခုခုပဲ။

× × × × ×

သည်တစ်ခေါက် မန္တလေးရဲ့ ပထမရက် ဟောပြောပွဲအပြီး ရာသီအပူ ခပ်ပမ်း ပမ်းရှိတာနဲ့ ဟိုတယ်ပြန်အရောက် အိပ်မယ်လုပ်တော့ ခြင်အကောင် သုံးဆယ် လောက်ရဲ့နှိပ်စက်ခြင်းကို တစ်ညလုံး ခံလိုက်ရပါသေးတယ်။ ရန်ကုန်မှာ လေအေး

mgyoe.com

mgyoe.com


စက်ဖွင့်ထားရင် ခြင်တွေ အခန်းထောင့်တွေမှာခိုရင်း ထွက်လာလေ့ မရှိကြဘူး။ မန္တလေးကခြင်ကျတော့ အတော်ထူးဆန်းတယ်၊ လေအေးစက်ဖွင့်ထားတောင်မှ ဘာမှမမှုသလိုပဲ။ ခေါင်းပေါ်၊ မျက်နှာပေါ်မှာ ခြင်ပျံသံတွေ 'တဝီဝီ'နဲ့ဆိုတော့ ဘမောင်တို့က တစ်ညလုံး အိပ်မပျော်တော့ပါဘူး။ မနက်မိုးလင်းမှပဲ မှေးကနဲ အိပ်ပျော်သွားတယ်၊ ဒါပေမယ့် ဘာမှမကြာလိုက်ဘူး၊ လက်ကိုင်ဖုန်းက နှိုးစက်ကြောင့် ပြန်နိုးလာခဲ့ရပါတယ်။

မျက်နှာသစ်၊ ရေချိုး၊ အဝတ်လဲ၊ ပြီးတာနဲ့ ဟိုတယ်ရှေ့ထွက်စောင့်၊ လာကြိုတဲ့သူတွေနဲ့ လိုက်သွားပြီး မနက်စာကို မန္တလေးမုန့်တီ စားဖြစ်လိုက်ရတယ်။ ပြီးတော့ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းရှိရာကို အပြေးတက်ခဲ့ရပြန်ပါတယ်။

ဒုတိယနေ့ဖြစ်တဲ့ (၅–၄–၂၀၁၀) ၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှာ ဘမောင်ပြောခဲ့တဲ့ ခေါင်းစဉ်ကတော့ "Leadership in New World Order ဆိုတဲ့ ခေါင်းစဉ်ပါ။ 'ကမ္ဘာ့အခင်းအကျင်းသစ်က ခေါင်းဆောင်မှု' လို့ ကောက်ယူလို့ ရပါလိမ့်မယ်။

ခေါင်းဆောင်တွေရဲ့ အရေးကြီးပုံကို ဦးစားပေး ပြောဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ကမ္ဘာ့အခင်းအကျင်းသစ်မှာ ခေါင်းဆောင်တွေရဲ့ အရည်အသွေးက အများကြီး ပြောင်းလဲတိုးတက်သွားခဲ့ပါပြီ။ ခေတ်သစ်ခေါင်းဆောင်တွေရဲ့ အရည်အသွေးက ခေတ်ဟောင်းခေါင်းဆောင်တွေရဲ့ အရည်အသွေးထက် အတော်ကလေး ပိုမိုလာခဲ့ကြပါတယ်။ အရင်ခေါင်းဆောင်တွေက သက်ဆိုင်ရာကဏ္ဍအလိုက်သာ ထူးချွန်သူတွေ များခဲ့ကြပါတယ်။ ဥပမာ နိုင်ငံရေးခေါင်းဆောင်ဆိုရင် နိုင်ငံရေးဘက်မှာ၊ စီးပွားရေးခေါင်းဆောင်ဆိုရင်လည်း စီးပွားရေးဘက်မှာ၊ စစ်ရေးခေါင်းဆောင်ဆိုရင်လည်း စစ်ရေးဘက်မှာသာ ထူးချွန်ကြပေမဲ့ ခေတ်သစ်ခေါင်းဆောင်တွေက နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးဘက်တွေမှာပါ အတော်လေး အရည်အချင်း ပြည့်ဝလာကြတာ ထူးခြားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်လာသလို ကမ္ဘာသစ်အခင်းအကျင်းရဲ့ ထင်ရှားတဲ့ ဝိသေသတစ်ခုလည်း ဖြစ်လာခဲ့ပါတယ်။

ခေါင်းဆောင်တွေရဲ့ မြော်မြင်မှုဟာ အတော်အရေးပါလာပါတယ်။ အဲဒီ မြော်မြင်နိုင်မှု၊ ပညာကြီးမှုတွေက ထွက်ပေါ်လာတဲ့ မဟာဗျူဟာတွေဟာ သာမန်ခေါင်းဆောင်တွေထက် အများကြီး သာလွန်ကြပြီး ရေရှည်တိုးတက်ဖြစ်ထွန်းမှာ အကွာကြီး ကွာခြားသွားနိုင်ကြပါတယ်။ မျက်မှောက်ခေါင်းဆောင်တွေက ခံစားမှု နှလုံးသားထက် ပညာအခြေခံပြီး ဦးခေါင်းနဲ့ ပိုပြီးစဉ်းစားလာကြပါတယ်။ တွန်းတွန်းတိုက်တိုက် ဒဲ့ဒိုးသမားတွေထက် ပျော့ပြောင်းညင်သာပြီး သံရေး တမန်ရေးဘက်

mgyoe.com

mgyee.com


ပိုပြီး ကျင့်သုံးမှု ပိုလာကြပြန်ပါတယ်။

တစ်နိုင်ငံတည်းအတွက် စဉ်းစားကြတဲ့ ခေါင်းဆောင်တွေဆိုတာ မရှိသလောက် ရှားသွားကြပါပြီ။ တစ်နိုင်ငံတည်းက ခေါင်းဆောင်ဖြစ်ပေမဲ့ အနည်းဆုံး ဒေသ အဆင့်ကို စဉ်းစားနေကြရပါပြီ။ ဒေသစနစ်ထဲ ဝင်ဆန့်အောင် ပြင်ဆင်တတ်နေကြပါပြီ။ အဲဒီကတစ်ဆင့် ကမ္ဘာ့စနစ်ထဲဝင်နိုင်အောင် ကြိုးစားနေကြတတ်ပါပြီ။ အရင်တုန်းက ဆယ်နှစ်၊ အနှစ် (၂၀) လောက် စီမံကိန်းကမေ့ အခုဆိုရင် အနည်းဆုံး နှစ်ငါးဆယ်လောက်ကစပြီး စဉ်းစားနေကြရပါတယ်။ ကိုယ့်တိုင်းပြည် အရေးအရာထက် ဒေသအရေးရာကို မျက်ခြေပြတ်လို့ မရကြတော့ပါဘူး။

အဲဒီလို အခြေအနေမျိုး ဖြစ်လာကြတဲ့အချိန်မှာ ကုမ္ပဏီတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေမှာရှိတဲ့ ခေါင်းဆောင်တွေ၊ စီအီးအိုတွေကလည်း သမားရိုးကျ စဉ်းစားနေလို့ မရကြတော့ပါ။ တစ်နှစ်တစ်ခါ အမြတ်အစွန်းလောက်နဲ့ ကျေနပ်နေကြလို့ မရတော့ပါဘူး။ ဆယ်စုနှစ်တစ်ခုမပြောနဲ့ တစ်နှစ်၊ နှစ်နှစ်အတွင်းလောက်မှာကိုပဲ ဘယ်လို၊ ဘယ်လောက် ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေ ရှိလာနိုင်တယ်ဆိုတာကို မျှော်လင့်ထားရမှာ ဖြစ်ပါတယ်။

ခေါင်းဆောင်တွေရှိရမယ့် တိုးတက်မှုပိုတဲ့ အရည်အချင်းတွေနဲ့ ပြောင်းလဲမှုတစ်ရပ်အပေါ် စီမံခန့်ခွဲခြင်းဆိုတဲ့ Change Management ကို လေးနာရီလောက်ကြာအောင် ဆွေးနွေးပေးခဲ့ပါတယ်။ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဟောပြောပွဲက ကန့်သတ်ဖိတ်ကြားမှုပါ။ လူ (၅၀) လောက်ပဲ ဖိတ်ကြားထားတယ်လို့ သိရပါတယ်။ တက်ကြွတဲ့ လူငယ်၊ လူလတ်တွေနဲ့ ပညာမြင့်သူတွေဆိုတော့ ... အဲဒီမှာက မေးခွန်းတွေ အတော်မေးခဲ့ကြပါတယ်။ မြန်မာပြည်မှာ တွေ့ကြုံနေရတဲ့ စီမံခန့်ခွဲမှုအခက်အခဲတွေလည်းပါ–ပါတယ်။ သီအိုရီကို ဆန့်ကျင်ပစ်လိုက်တဲ့ လက်တွေ့ပိုင်းတကယ့်အခက်အခဲများ ဖြစ်ပါတယ်။ 'ကံ'ကလေးကောင်းသွားတာက လုပ်ငန်းကြီးကြီးနဲ့ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းကို နှစ် (၂၀)လောက် ဘမောင်တို့ လက်တွေ့လုပ်နိုင်ခဲ့တဲ့အတွက် လက်တွေ့ဖြစ်စဉ်ရဲ့ တွေ့နေရတဲ့အခက်အခဲတွေကို သူတို့ကျေနပ်သွားအောင် ဖြေနိုင်ခဲ့လိုက်ပါတယ်။ ဟုတ်ပါတယ်၊ မြန်မာပြည်မှာ ရင်ဆိုင်နေရတဲ့ တချို့ကိစ္စတွေဆိုရင် စီမံခန့်ခွဲရေးကျောင်းတွေက သင်ပေးလိုက်တဲ့ သီအိုရီတွေနဲ့ ဆန့်ကျင်နေပါတယ်။

သီအိုရီတွေကို လိုတိုး၊ ပိုလျှော့ လုပ်ယူရပါတယ်။ တိုက်ရိုက်သုံးလို့ မအောင်မြင်ရင် သီအိုရီတွေကို မြောင်းထဲလွှင့်ပစ်လိုက်ရတော့မလို ဖြစ်ရတတ်တာတွေ အများကြီး ကြုံခဲ့ရဖူးပါတယ်။ တတိယနိုင်ငံတွေ ရှောင်လွှဲလို့မရဘဲ အမြဲကြုံတွေ့ရမယ့်

mgyee.com

mgyoe.com

အခြေအနေမျိုးပါ။ အဲဒီသဘောကို အသေအချာ ရှင်းပြရပါသေးတယ်။

လောကကြီးဟာ အမြဲပြောင်းလဲနေပါတယ်။ တည်မြဲတဲ့အရာဆိုတာ ဘာမှ မရှိပါဘူး။ အပြောင်းအလဲတစ်ခုမှာ အလျားလိုက် သာသာကြည်ကြည် လိုက်ပါနိုင်ကြရမှာ ဖြစ်ပါတယ်။ ငြင်းဆန်လို့၊ လွန်ဆန်လို့ မရပါဘူး။ ငြင်းဆန်ရင်၊ လွန်ဆန်ရင်၊ စိုးရွံ့နေရင် ကိုယ်က သားကောင်ဖြစ်သွားနိုင်ပါတယ်။ သေချာတာတစ်ခုကတော့ 'ပြောင်းလဲခြင်း' ကလွဲရင် လောကမှာ တည်မြဲတယ်ဆိုတဲ့အရာ မရှိတာပါပဲ။ ဘမောင် အဲဒီစကားနဲ့ပဲ နိဂုံးချုပ်လိုက်ပါတယ်။

***(There is nothing permanent except "Change")***

❐

mgyoe.com

mgyoe.com

# ခေတ်သစ် အိုင်ဒီရော်လော်ဂျီနှင့် နိုင်ငံရေးဒဿန

10th April 2010

အများစုတို့သည် နိုင်ငံရေးကို သဘောတရားအခြေခံ အတွေးအခေါ် အယူအဆဟုခေါ်သော အိုင်ဒီရော်လော်ဂျီတို့မှတစ်ဆင့် ချဉ်းကပ်ကြသည်။ လူသားတစ်ရပ်၏ စရိုက်ညီတွေးခေါ်မှုဆိုလျှင် ရသည်။ ပါတီတစ်ခု၏ အိုင်ဒီရော်လော်ဂျီဆိုသည်မှာ အတွေးအခေါ်နှင့် ခံယူချက်တူညီကြသောသူများ စုပေါင်းထားသည့် လူတစ်စု အယူအဆတစ်ရပ်ပင် ဖြစ်သည်။ Ideology ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် (A system of ideas and ideals forming the basis of an economic or political theory) ။ (The set of beliefs characteristic of a social group or individual)ဟုဆိုသည်။

တစ်ချိန်က အယူအဆနှင့် ခံယူချက်မတူခဲ့သော နိုင်ငံရေးစနစ်ကြီးများ အိုင်ဒီရော်လော်ဂျီတို့ ထိပ်တိုက်တွေ့ဖူးခဲ့ကြသည်။ (1970s) ကာလများတွင် အရင်းရှင်တို့၏ အယူအဆ တစ်စတစ်စ အားကောင်းလာပြီး တစ်ဖက်တွင်မူ ကွန်မြူနစ်တို့၏ အိုင်ဒီရော်လော်ဂျီတို့ မှေးမှိန်လာခဲ့သည်။ မျက်မှောက်ခေတ်တွင် ကွဲပြားခြားနားသော အိုင်ဒီရော်လော်ဂျီတို့ လုံးဝချုပ်ငြိမ်းသွားသည်ဟု မဆိုသော်လည်း နိုင်ငံရေးအုပ်စုတွင် ဒီမိုကရေစီနှင့် စီးပွားရေးဘက်တွင် ဈေးကွက်စီးပွားရေး အခြေခံတို့သာ အားကောင်းမောင်းသန် ကျန်ရစ်ခဲ့ပါတော့သည်။

## ခြောက်ပစ်မကင်း

'ခြောက်ပစ်ကင်း၊ သဲလဲစင်သော' စနစ်ဟူ၍ မည်သည့်နယ်ပယ်တွင်မှ မပေါ်ထွက်နိုင်ခဲ့သေးပါ။ မည်သည့်အခါမှလည်း ပေါ်ထွက်နိုင်မည် မဟုတ်ပါ။ တိုးတက်

mgyoe.com

mgyoe.com

လာသော လူတို့၏အတွေးအခေါ်နှင့် လိုအပ်ချက်သည် အမြဲတမ်း ပြည့်စုံသည် မဟုတ်မှု၍ ဖြစ်သည်။ 'အကောင်းများရာယူ' ၍ 'အဆိုးများရာပယ်' စနစ်ဖြင့် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးတို့ ရှေ့တန်းရောက်လာရခြင်း ဖြစ်သည်။ တစ်ချိန်က အားကောင်းခဲ့သော ကွန်မြူနစ်တို့၏ အိုင်ဒီရော်လော်ဂျီသည် Community ဟူသော လူ့အဖွဲ့အစည်းပေါ် အခြေခံစဉ်းစားရာတွင် စံနှုန်းကောင်းလွန်းသောကြောင့် သဘာတရားအရ ကျောက်ရုပ်များပင် ခေါင်းညိတ်ရမည်ဖြစ်သော်လည်း လက်တွေ့နှင့် အတော်ကင်းကွာခဲ့သောကြောင့် မအောင်မြင်ခဲ့ရခြင်း ဖြစ်သည်။

Aristotle ၏သဘောအရ ဒီမိုကရေစီထက် စံနှုန်းမြင့်သော Polity ဟူသည့် စနစ်ရှိသေးသော်လည်း လက်တွေ့တွင်မူ အကောင်အထည်ဖော်ရန် ဖြစ်နိုင်ခြေ နည်းပါးသည်ဟု ဆိုသည်။ Polity မှာ အများက အုပ်ချုပ်၍ အများအတွက်ဖြစ်သော်လည်း လက်တွေ့ပွဲမဝင်နိုင်၍ အရည်အချင်း တစ်ဆင့်နိမ့် ဒီမိုကရေစီကို ကျင့်သုံးလာကြရခြင်း ဖြစ်သည်။

ဤတွင် သဘောတရားရေးရာနှင့် လက်တွေ့ အကောင်အထည် ဖော်ဆောင်နိုင်မှုတို့ အတွန်းအတိုက် ဖြစ်လာပါတော့သည်။ ဒီမိုကရေစီမှာပင် စံနှုန်းတစ်ခုဖြင့် နိုင်ငံတိုင်း တစ်သဝေမတိမ်းကျင့်သုံး၍ မရနိုင်ဟုဆိုပြန်သည်။ ယဉ်ကျေးမှု၊ ပထဝီအနေအထားနှင့် အခြေအနေအရပ်ရပ်တို့ကြောင့် ဖြစ်ပေသည်။

## အနာဂတ်မြန်မာအိုင်ဒီရော်လော်ဂျီ

အနာဂတ် မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှုတွင် ပါတီစုံဒီမိုကရေစီဟု ယေဘုယျအားဖြင့် သိနှင့်ကြပြီးဖြစ်သည်။ အနိုင်ရပါတီတို့က မူအားဖြင့် အစိုးရဖွဲ့ကြပြီး နိုင်ငံရေး၊ စီးပွားရေးတွင် သူတို့ အိုင်ဒီရော်လော်ဂျီကို ချပြကြရမည် ဖြစ်သည်။ မည်သည့်အိုင်ဒီရော်လော်ဂျီမျိုး ဖြစ်လာမည်နည်း။ လောလောဆယ် ကမ္ဘာတွင် အင်အားကောင်းနေသော အမေရိကန်မှ ပါတီကြီးနှစ်ခု အိုင်ဒီရော်လော်ဂျီမျိုးလား၊ အင်္ဂလန်မှ အိုင်ဒီရော်လော်ဂျီမျိုးလား။ အရှေ့တိုင်းမှဆိုလျှင် ကမ္ဘာ့တတိယအင်အားအကြီးဆုံးဒီမိုကရေစီဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ အိုင်ဒီရော်လော်ဂျီလား၊ သို့မဟုတ် တရုတ်၊ အိန္ဒိယတို့နှင့် နီးစပ်မည်လား၊ တတ်အပ်သေချာစွာ မသိနိုင်သေးပါ။ ရွေးကောက်ပွဲမဲဆွယ်ရာတွင် နိုင်ငံရေးပါတီများသည် မိမိပါတီတို့၏ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အိုင်ဒီရော်လော်ဂျီများကို ပြည်သူအားချပြရမည် ဖြစ်သည်။

လောလောဆယ် အခြေအနေအရမူ အင်အားအတောင့်တင်းဆုံးဖြစ်သည့် NLD ပါတီဟောင်းမှ ရွေးကောက်ပွဲမဝင်တော့ဟုဆိုသဖြင့် နီးစပ်စွာ အင်အားတောင့်

mgyoe.com

mgyoe.com


တင်းသော ပါတီတို့ မရှိနိုင်တော့သဖြင့် လူထု၏ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုသည် တစ်စုံတစ်ရာအတိုင်းအတာတစ်ခုအထိတော့ ကျဆင်းသွားခဲ့ပါသည်။ ကိုယ့်အမြင်၊ ကိုယ့်ရှုထောင့်၊ ကိုယ့်ခံယူချက်ဖြစ်သဖြင့် ဘာမှတော့မတတ်နိုင်။

**ဘက်ဂီယာမထိုးကြဖို့**

အနာဂတ် ရွေးကောက်ပွဲကို ဖြတ်ကျော်၍ ဖြစ်ပေါ်လာမည့် အစိုးရပုံသဏ္ဍာန်သည် ခပ်ရေးရေးမကသော ပုံသဏ္ဍာန်ဖြင့် မှန်းဆ၍ မြင်နိုင်ကြရာသည်။ ဘယ်သူ့အစိုးရဖွဲ့ဖွဲ့၊ အစိုးရသည် ပြည်သူတို့အတွက် အလုပ်အကျွေးပြုရာ၊ တာဝန်ခံရာ အဖွဲ့အစည်းတစ်ရပ်သာ ဖြစ်သည်ဟူသော ခံယူချက်ဖြင့် ပြည်သူအများ လိုလားတောင့်တသော ဒီမိုကရေစီသို့ ချီတက်နိုင်ကြရန်သာ အရေးကြီးသည်။ အသွင်ကူးကာလဖြစ်၍ Full Fledge Democracy ဟူသော ပြည့်စုံသည့် ဒီမိုကရေစီကို ချက်ချင်းရရှိရမည်ဟု ဆိုလိုသည်မဟုတ်၊ Semi-democracy ဟူသော တစ်ဝက်ဒီမိုကရေစီကား ပီပြင်သင့်ပါသည်။ ဒီမိုကရေစီကျင့်စဉ် နည်းပါးလျှင်ကား ဒီမိုကရေစီဝင်္ကပါလမ်း၌ လမ်းပျောက်ပြီး ဘက်ဂီယာပြန်ထိုးသွားနိုင်သည်ကို သတိကြီးသင့်ကြပါသည်။ နောက်ပြန်မလှည့်ရေး၊ မည်ကာမတ္တ ဒီမိုကရေစီမဖြစ်ရေး၊ ဝေလေလေ အုပ်ချုပ်ရေးစနစ် မဖြစ်ရေးတို့ အရေးကြီးပါသည်။

နိုင်ငံရေး အိုင်ဒီရော်လော်ဂျီဆိုသည်မှာ တစ်ဦးချင်းစီတို့၏ ယုတ္တိတန် ယုံကြည်မှုနှင့် တန်ဖိုးများဖြစ်ပြီး အစိုးရတစ်ရပ် ရည်ရွယ်ချက်နှင့် အမြင်နယ်ပယ်လည်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ တစ်ပါတီစနစ်မှ ကျောခိုင်းလာကြသော မြန်မာ့ နိုင်ငံရေးအနာဂတ်သည် ပါတီစုံစနစ်သို့ ရှေးရှုသည်ဟုဆိုရာ၌ တကယ်မှန်ကန်သော ဒီမိုကရေစီ စနစ်ဖြစ်ရန်နှင့် ဖြစ်ပေါ်လာမည့် အစိုးရတို့၏ နိုင်ငံရေးအိုင်ဒီရော်လော်ဂျီသည် အမှန် ပြည်သူကို ကိုယ်စားပြုနိုင်ရန် ဖြစ်ပါသည်။

**မွေးစားသား**

မူလ ရေသောက်မြစ်ဖြစ်သော Political Ideology မှ မွေးစားသားပေါင်းများစွာ ဖွားမြင်ပေးခဲ့သည်။ မျက်မှောက်ကာလတွင် ထင်ရှားသောစနစ်တချို့မှာ

- Liberalism ရှေးရိုးစွဲမဟုတ်၊ ပွင့်လင်းတွေးခေါ်တတ်သော သဘောအခြေခံပြီး အစိုးရက နိုင်ငံရေးအရ ဦးဆောင်၍ စီးပွားရေးနှင့် လူမှုဝန်ဆောင်မှု (Economy and Social Services) များကို ကောင်းစွာ အလေးထားသင့်သည်ဟု ခံယူကြသည်။ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူနည်းစု

mgyoe.com

mgyoe.com


များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အစိုးရအနေဖြင့် ကောင်းစွာ တာဝန်ခံသင့်သည်ဟု ယုံကြည်ကြသည်။ အပြောင်းအလဲလုပ်ရန် လိုအပ်သည်ဟု ယူဆလျှင် လျင်မြန်စွာ ပြောင်းလဲတတ်သော သဘာဝရှိသည်။ ပိုမိုပွင့်လင်း၊ ရဲတင်းစွာ ဝေဖန် ထုတ်ဖော်တတ်သော သဘောတရားရှိသူများလည်း ဖြစ်သည်။

◆ Conservatism အကောင်းဆုံးသော အစိုးရဆိုသည်မှာ လွှမ်းမိုးမှု အနည်းဆုံးသော အစိုးရဖြစ်သည်ဟု ခံယူသည်။ ပြည်သူတို့က အစိုးရတို့ရှိနေမှန်း မသိနေခြင်းသည်ပင်လျှင် အစိုးရတို့၏ ကောင်းလွန်းသော အရည်အချင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း တောင့်တင်းသော အစိုးရများ (Big Government) ကသာ တစ်ဦးချင်း၊ ကိုယ်ရေးကိုယ်တာနှင့် စီးပွားရေးအခွင့်အလမ်းများကို ပါဝင်စွက်ဖက်နိုင်သည်ဟု ယုံကြည်သည့် စနစ် ဖြစ်သည်။ ဤအယူအဆတွင် ပြောင်းလဲမှုကို လျင်မြန်စွာ မလိုလားသော၊ အစဉ်အလာတန်ဖိုးများကို ထိန်းသိမ်းသော၊ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးသောအယူအဆတို့ အခြေခံသည်။

## မျှတဖို့လို

မြန်မာ့အနာဂတ်နိုင်ငံရေးတွင် Liberalism, Conservitism ထက်ပိုသော စနစ်များလည်း ရှိနိုင်ပါသည်။ ထိုဝါဒနှစ်ရပ် အားကောင်းစွာအခြေခံသော နိုင်ငံရေး ဖြစ်လာမည်ဆိုပါက အုပ်စုနှစ်စုတို့ ကြီးမားစွာ အင်အားမကွာခြားကြရန် လိုပါသည်။ ဝါဒနှစ်ရပ်စလုံးတွင်လည်း အားသာချက်များ၊ အားနည်းချက်များ မကင်းသောကြောင့် ဖြစ်သည်။ Liberal သမားများ အားကောင်းပါက တိုးတက်မှုပိုသော်လည်း အခြားပြဿနာများလည်း ရှိလာနိုင်ပါသေးသည်။ Liberal သမားများ အင်အားမရှိပါက တိုးတက်မှုအပိုင်းတွင် တစ်စုံတစ်ရာအားများ လျော့ပါးတတ်သည်။

## ဘယ်သူတွေဘာလဲ

မြန်မာပြည်တွင် ယခုမှ မိတ်ဆက်ကာလဖြစ်၍ ခန့်မှန်းရန် မခက်ခဲသော်လည်း တိကျသောအဖြေကိုတော့ ရနိုင်မည် မဟုတ်ပါချေ။ တစ်ပါတီစနစ်မှ ကျောခိုင်းကာစဖြစ်၍ လွတ်လပ်ပွင့်လင်းမှု သဘာဝရှိသော လစ်ဘရယ်သမားများ အင်အားတစ်စုံတစ်ရာ ကောင်းလာပါလိမ့်မည်။ ပညာတတ်များ၊ နိုင်ငံတကာဆက်ဆံမှုများသော စီးပွားရေးသမားများ၊ တက်ကြွသော နိုင်ငံရေးလှုပ်ရှားသူများ၊ လူမှုရေး

mgyoe.com

ဆောင်ရွက်ကြသူများ အများစုမှာ လစ်ဘရယ်သမားများ ဖြစ်လာလေ့ ရှိပါသည်။ သက်ကြီးရွယ်အိုများ၊ ပတ်ဝန်းကျင်ကမ္ဘာနှင့် ထိတွေ့ဆက်ဆံမှု နည်းပါးသူများ၊ အခြေခံလုပ်သားများ၊ အမျိုးသမီးများမှာ ဒီမိုကရက်များအဖြစ် အခြေခံလာနိုင်ပါသည်။

အရေအတွက်အားဖြင့် အမေရိကန်တွင် လစ်ဘရယ်သမားများက ဒီမိုကရက်များထက် နည်းပါးကြသော်လည်း အင်အားတောင့်တင်းမှုတွင် ပိုမိုသည်။ အပြောင်းအလဲကို လိုချင်ကြသော မြန်မာပြည်တွင်မူ ပထမသက်တမ်း တစ်ခု၊ နှစ်ခုအတွင်း လစ်ဘရယ်သမားများအနေဖြင့် အင်အားအရရော၊ အရေအတွက်ပါ များပြားလိမ့်မည်ဟု ကောင်းစွာ မျှော်လင့်နိုင်ပါသည်။

## အစိုးရအဖွဲ့မှာရော

အစိုးရအဖွဲ့နှင့် လွှတ်တော်များတွင် သိသာသော အပြောင်းအလဲအပေါ် ဆန္ဒရှိသူများနှင့် သိသာသော အပြောင်းအလဲအပေါ် စိတ်ဝင်စားမှုနည်းပါးကြသူများ ပါဝင်ကြပါလိမ့်မည်။ လစ်ဘရယ်သမားနှင့် ကွန်ဆာဗေးတစ် သမားများ ဒီဘိတ် ဟူသော ဆွေးနွေးစကားပြောမှုက အရေးပါ–ပါသည်။ လက်ရှိစနစ်အရ အကျိုးစီးပွား တစ်စုံတစ်ရာ အခြေခံရှိထားကြသူများမှာ သိသာသော အပြောင်းအလဲကို တွန့်ဆုတ်နေကြသူများသာ ဖြစ်လာကြပြီး အများအကျိုး တစ်စုံတစ်ရာအတွက် စဉ်းစားကြမည့်သူများမှာ လွှတ်တော်သည် အပြောင်းအလဲအတွက် ဆွေးနွေးရာ၊ စကားပြောဆိုရာ နေရာတစ်ခုဟု သတ်မှတ်ကြပါလိမ့်မည်။

ဒီမိုကရေစီ၏ အလှတရားတစ်ခုသည် ထိန်းညှိမှုရှိခြင်း ဖြစ်သည်။ မြန်မာ့အနာဂတ်နိုင်ငံရေးအခြေခံသည် ပြောင်းလဲမှုတစ်စုံတစ်ရာပေါ် အခြေခံထားပါသည်။ ထိုအနှစ်သာရ ပျောက်ဆုံးမသွားသင့်ပါ။ ရှိဆဲ ကိုယ်ကျိုးစီးပွားအခြေခံထားကြသူများမှာ လောလောဆယ်တွင် အပြောင်းအလဲတစ်ရပ်အတွက် တွန့်ဆုတ်နိုင်သော်လည်း ရေရှည်အတွက် ကိုယ်ရော၊ အများပါ၊ ကိုယ့်မျိုးဆက်ပါ ကောင်းမွန်သော အနာဂတ် ဖြစ်လာမည်ဟူသော မြော်မြင်မှုရှိပါက လက်ခံနိုင်ကြပါလိမ့်မည်။

## အနှစ်သာရဆိုသည်

ရွေးကောက်ပွဲ ကျင်းပပေးခြင်းသည် အပြောင်းအလဲတစ်ရပ်အတွက် မိတ်ဆက်အစပျိုးခြေလှမ်း ဖြစ်ပါသည်။ ကိုယ်စားလှယ် ဆိုသည်မှာ ဆိုင်ရာနယ်ပယ်၊ လူတန်းစားတစ်ရပ်၏ ကိုယ်စား၊ ကိုယ်ပွားသာ ဖြစ်သည်။ အများကိုယ်စား

mgyoe.com

mgyoe.com

ဆောင်ရွက်နိုင်ကြသူများဟု ခံယူတတ်ရန်လည်း ဖြစ်သည်။ ထို့ကြောင့် စနစ်သည် လည်းကောင်း၊ အလုပ်သည်လည်းကောင်း မူလ ရည်မှန်းထားသော အနှစ်သာရ တို့နှင့် မကင်းကွာကြရန် ဖြစ်ပါသည်။

သူတို့သည်လိုလုပ်

| | *Abortion Right* | *Environmental Regulation* | *Anti-Discrimination Law* | *Government Support of school* | *Government Support of poor* |
|---|---|---|---|---|---|
| *Liberal* | ✔ | ✔ | ✔ | ✘ | ✔ |
| *Conservative* | ✘ | ✘ | ✘ | ✔ | ✘ |

လွှတ်တော်ထဲ၌ အကြောင်းအရာတစ်ရပ်ကို ဆွေးနွေးပြီး ထောက်ခံမှု၊ ကန့်ကွက်မှုတို့ပြုကြရာ လစ်ဘရယ်သမားများနှင့် ကွန်ဆာဗေးတစ်သမားများသည် တစ်ထပ်တည်းကျလေ့ မရှိကြချေ။ အကြောင်းအရာများ၏ ထောက်ခံမှုနှင့် ကန့်ကွက်မှုကို လေ့လာခြင်းဖြင့် လစ်ဘရယ်သမားများနှင့် ကွန်ဆာဗေးတစ်သမားများ သဘော သဘာဝနှင့် အခြေခံရပ်တည်ချက်ကို ခန့်မှန်းနိုင်မည်လည်း ဖြစ်သည်။

ဖြစ်ပေါ်လာမည့် မြန်မာ့အနာဂတ် နိုင်ငံရေးသမားများ မည်မျှ ကိုယ့်တာဝန် ကိုယ် ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။

သူတို့အပေါ်အမြင်

"Government is part of the problem, not part of the solution"

အစိုးရသည် ပြဿနာ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ ဖြေရှင်းနည်း၏ အစိတ်အပိုင်းတစ်ခု မဟုတ်။

"Problem are better solved by individuals, by the private sector, and by the institutions of civil society. Government interference makes things worse."

ဒီမိုကရေစီရှေ့ဆောင်ဟုဆိုသော အမေရိကန်တွင် ကွန်ဆာဗေးတစ်များ၊ ကွန်ဆာဗေးတစ် လက်သစ်များ အယူ အဆတစ်ရပ် ဖြစ်သည်။ သူတို့ အယူအဆက ပြဿနာကို အစိုးရက ဖြေရှင်းသည်ထက် တစ်ဦးချင်း၊ ပုဂ္ဂလိက–ကဏ္ဍနှင့် လူမှု အဖွဲ့အစည်းများမှ ဖြေရှင်းကြသည်ကို ပို၍လိုလားကြသည်။ အစိုးရ၏စွက်ဖက်မှု သည် ပြဿနာများကို ပို၍ဆိုးဝါးစေသည်ဟု ရှုမြင်ကြပါသည်။

mgyoe.com

mgyoe.com


ပါတီစုံ၏ အနှစ်သာရတချို့ဖြစ်သည်။ ထို့ကြောင့် ဖြစ်ပေါ်လာမည့် အစိုးရများ တောင့်တင်းရန် လိုသည်။ တောင့်တင်းရန်ဆိုသည်မှာ ပညာကြီးသော၊ မြော်မြင်မှုရှိသောသူများ ပါဝင်ရန်ဖြစ်သည်ဟု ဆိုလိုသည်။ သို့မှသာ အစိုးရသည် ပြည်သူများ၏ အားကိုးရာ၊ ပြည်သူများ၏ ယုံကြည်ရာ၊ ပြည်သူ့အတွက် အလုပ်အကျွေးပြုရာ အဖွဲ့အစည်းတစ်ရပ်ဟု အမြင်ရှိလာကြမည် ဖြစ်သည်။

❒

mgyoe.com

mgyoe.com

# အပြောင်းအလဲတစ်ရပ်အပေါ် စီမံခန့်ခွဲခြင်း

11th April 2010

"There is nothing permanent except change."

ပြောင်းလဲခြင်းကလွဲ၍ အမြဲတည်ရှိသောအရာ မရှိ။

စီမံခန့်ခွဲမှုဘာသာရပ်တွင် "Change Management" ဆိုသည့် အပြောင်းအလဲတစ်ရပ်အပေါ် စီမံခန့်ခွဲခြင်းဆိုသည့် ဘာသာရပ်ကို ထည့်သွင်းထားသည်။ အရေးပါသည့် ဘာသာရပ်ဖြစ်သလို လူအများစိတ်ဝင်စားမှုကို ခံရသည့် ဘာသာရပ်တစ်ခုလည်း ဖြစ်သည်။ (၂၁) ရာစုသည် အပြောင်းအလဲများ ပို၍မြန်ဆန်လာ၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် အတော်ထင်ရှားစွာ တွေ့ရသည်။ Bill Gates ပြောခဲ့သောစကားတစ်ခွန်းကို အမှတ်ရမိသည်။

"In three years, every product my company makes will be obsolete. The only question is whether we'll make them obsolete or somebody else will".

သုံးနှစ်အတွင်း သူ့ထုတ်ကုန်များ ခေတ်ကုန်တော့မည်၊ မိမိကိုယ်တိုင် ပယ်ဖျက်မည်လား၊ အခြားသူက ပယ်ဖျက်မည်လားဆိုသည်သာ မေးခွန်းဖြစ်သည်ဟု ဆိုလိုသည်။ အပြောင်းအလဲသည် ဤမျှမြန်ဆန်သည်။

**အပြောင်းအလဲတစ်ရပ်အပေါ် စီမံခန့်ခွဲ**

Change Management is a systematic approach to dealing with change, both from the perspective of an organization and on the individual level.

mgyoe.com

mgyoe.com


အပြောင်းအလဲတစ်ရပ်အပေါ် စီမံခန့်ခွဲမှုဟူသည် အပြောင်းအလဲတစ်ခုကို စနစ်တကျ ချဉ်းကပ်ဆက်ဆံခြင်း ဖြစ်သည်။ အဖွဲ့အစည်းနှင့် တစ်ဦးချင်း၏အဆင့်မှ ခြုံငုံရှုမြင်ရသည်။

ယနေ့ အပြောင်းအလဲများတွင် ကျွန်တော်တို့ မည်သို့ ချဉ်းကပ်၊ ဖြေရှင်း၊ စီမံခန့်ခွဲကြပါသနည်း။

Change Management တွင် အဓိက သွင်ပြင်လက္ခဏာ (၃)မျိုး ပါဝင်သည်။

- Adapting to change (အခြေအနေနှင့်သင့်လျော်စေသည်)
- Controlling change (ထိန်းသိမ်းသည်)
- Effecting change (အကျိုးသက်ရောက်မှုရရှိစေသည်)

## အပြောင်းအလဲအတွက် "အား"များ

Forces for Change ဖြစ်သည်။ ပြောင်းလဲမှုတစ်ရပ်အတွက် 'အား' များစွာရှိသည်။ အချို့မှာ

- Social Trend (လူမှုရေးအလားအလာ၊ ဦးတည်ချက်)
- World Politics (ကမ္ဘာ့နိုင်ငံရေး)
- Competition (ယှဉ်ပြိုင်မှု)
- Economic Shocks (စီးပွားရေးသက်ရောက်မှု)
- Nature of Workforce(အလုပ်အင်အားစုသဘာဝ)
- Technology (နည်းပညာ)

## အပြောင်းအလဲဘယ်တော့ဖြစ်မလဲ

အပြောင်းအလဲတစ်ရပ် ဘယ်တော့ဖြစ်လာမည်ကို အချို့က ကြိုတင်သိကြ၍ အချို့ကား မသိနိုင်၊ ယေဘုယျ ပုံသေနည်းကို အောက်ပါအတိုင်း ထုတ်ယူ၍ရသည်။

Need Change = (D M R E V) > X

D = Dissatisfaction with the current situation
(မျက်မှောက်အခြေအနေတစ်ရပ်အပေါ် ကျေနပ်မှုမရှိခြင်း)

M = Motivation (စိတ်ဓာတ်လှုံ့ဆော်မှုရရှိခြင်း)

R = Realistic (လက်တွေ့ကျကျဆောင်ရွက်နိုင်ခြင်း)

mgyoe.com